# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၃ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၂၂ ခုနှစ်၊ မတ် ၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၁)၊ အမှတ် (၁၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များ မပါ) အား ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး နာယက

*စာမျက်နှာ ၃ ကော်လံ ၁* ❂

## ယနေ့ ဖတ်စရာ


PROFESSOR MR STEFAN TALMON ၏ ဒုတိယအကြိမ်မြောက် လျှောက်လဲတင်ပြချက် ကနဦးကန့်ကွက်လွှာ ဒုတိယအချက် — ကန့်ကွက်လွှာ — စာ - ၆

- နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်ဖြေလျှော့မပေးမီ ဂျပန်နိုင်ငံရှိ ကျောင်းများနှင့် ကုမ္ပဏီများတွင် နိုင်ငံခြားသားများကိုလက်ခံနိုင်ရေး ပြင်ဆင်လျက်ရှိ — နိုင်ငံတကာသတင်း — စာ - ၁၂

မြန်မာ့အလင်း

# ထာဝရငြိမ်းချမ်းရေး ဖန်တီးပေး၍ မော်ကွန်းတင်

တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ကြေညာချက်ထုတ်ပြန်လိုက်သည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို နောက်ထပ် ၁၀ လတိတိ တိုးမြှင့်ရပ်စဲပေးလိုက်ခြင်းလည်းဖြစ်ရာ နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်မှုများ မရှိပါက ယင်းနယ်မြေဒေသများတွင် သေနတ်သံ၊ ဗုံးသံများနှင့် အနိဋ္ဌာရုံမြင်ကွင်းများ ပကတိကင်းစင်နေလိမ့်မည်ဖြစ်သည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်သွားရန် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက မျှော်မှန်းထားကြခြင်းဖြစ်ရာ ယင်းအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို ဦးစွာတည်ဆောက်ကြရမှာ ဖြစ်သည်။ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြခြင်းဖြစ်သည့်အတွက် မတူကွဲပြားသူများ အတူတကွနေထိုင်နေကြခြင်းပင်ဖြစ်သည်။ မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်းနှင့်အတူ အပြန်အလှန် လေးစားမှု၊ ယုံကြည်နားလည်မှု၊ ရင်းနှီးချစ်ခင်မှုနှင့် မိသားစုအတွင်းမှ သံယောဇဉ်တရားတို့ဖြင့် ညီညွတ်စွာ ပေါင်းစည်းနေထိုင်ကြရမှာဖြစ်သည်။ ယင်းသို့နေထိုင်နိုင်မှသာလျှင် ငြိမ်းချမ်းမှုရရှိနိုင်မှာဖြစ်ပြီး သာယာဝပြောသော၊ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်များ၊ ဒေသများဖြစ်လာအောင် တည်ဆောက်နိုင်မှာဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတောင်ပေါ် မြေပြန့်နယ်စွန်နယ်ဖျားမကျန် အေးချမ်းသာယာမှသာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်နေထိုင်ကြရာ ကိုယ့်လူမျိုး၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်တစ်ခုတည်းအတွက်ကိုသာ ကြည့်မည်ဆိုပါက ကျဉ်းမြောင်းသည့် လူမျိုးစွဲ၊ အဖွဲ့အစည်းစွဲ၊ ဒေသစွဲတို့ကို ဖြစ်ပေါ်စေပြီး အပြန်အလှန်အားဖြင့်လည်း ခွဲခြားသည့်အမြင်များ၊ သံသယစိတ်များသာ ဖြစ်တည်လာမည်ဖြစ်သည်။ ၁၃၅ မျိုးသော လူမျိုးစုများအတွင်း လူဦးရေအရ မတူညီကြသကဲ့သို့ ပျံ့နှံ့နေထိုင်မှုများ၊ ရောနှောနေထိုင်မှုများ၊ ပေါင်းစည်းနေထိုင်မှုများ နိုင်ငံတစ်ဝန်းလုံး၌ ရှိနေသည့်အတွက် လူမျိုးကြီး၊ လူမျိုးငယ် အစရှိသော အမြင်များ၊ အယူဝါဒများကို ဖယ်ရှားစွန့်ပစ်ကြရန်နှင့် ပြည်ထောင်စုနိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို တစ်စိတ်တည်း တစ်ဝမ်းတည်း မွေးမြူထားကြရန် လိုအပ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟူ၍ မူဝါဒချမှတ်ထားရာ တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားချက်၊ ပြင်းပြသော ဆန္ဒမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ရာ ထာဝရငြိမ်းချမ်းရေးကို ဖန်တီးပေးနိုင်စွမ်းရှိသူအားလုံးတို့က စုပေါင်းညီညွတ်စွာ ဖန်တီးပေးခြင်းဖြင့် သမိုင်းမော်ကွန်းတင်နိုင်ကြပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူး အယူခံမှုအမှတ် ၃၂ / ၂၀၂၀ ( ရန်ကုန် )၊ ၃၃/၂၀၂၀ (မန္တလေး)၊ ၃၄/၂၀၂၀ (မန္တလေး) နှင့် ၄၀/၂၀၂၀ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၀ (ရှမ်း)၊ ၃၈/၂၀၂၀ (တနင်္သာရီ)၊ ၄၅/၂၀၂၀ (ကရင်)နှင့် ၄၆/၂၀၂၀ (တနင်္သာရီ) ၊ စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင် ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သထုံမြို့မဈေးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးရောင်း/ဈေးဝယ်ပြုလုပ်နေကြသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဈေးဆိုင်ခန်းအများအပြား ပျက်စီးဆုံးရှုံးခဲ့မှု"** ခေါင်းစဉ်ဖြင့် မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"CDM ရန်ပုံငွေ အရှုပ်တော်ပုံ သို့မဟုတ် အ သူခံ လည်သူစား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၉၈ ဦး တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကူညီ ဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအား ကြည့်ရှုစဉ်။

❂ ရှေ့ဖုံးမှ

အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဦးအေးထွန်းနှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

**ဖွဲ့စည်းထားပြီးဖြစ်**

အစည်းအဝေးတွင် နာယက အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် မတ်လအတွင်း ကျင်းပမည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားများကို နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

နာယကအဖွဲ့နှင့် ဦးစီးကော်မတီက သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဆက်လက်ဖွဲ့စည်း၍ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက် ရှိနေကြသည်ကို သိရကြောင်း။

**ပူးပေါင်းဆောင်ရွက်**

၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်အရ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် တပေါင်းလအတွင်း အခမ်းအနားကျင်းပရန် လျာထားအချိန်ကာလသည် ရာသီဥတုအနေအထား မျှတမှုရှိနေမည်ဟု ယူဆပါကြောင်း၊ ထိုသို့ရာသီဥတုအပူအအေးမျှတသည့် အခါသမယတွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက အစဉ်အလာကြီးမားစွာ ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်အဆင့် ဆောင်ရွက်ရမည့် အခမ်းအနားကြီးဖြစ်ကာ နှစ်စဉ် ကျင်းပသည့်အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီများနှင့် လုပ်ငန်းကော်မတီများ အနေဖြင့် တက်ညီလက်ညီ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်မှုနှင့်စပ်လျဉ်း၍ ပြည်တွင်းမှ ဆရာတော် ၂၇၂ ပါး၊ ပြည်ပမှ ဆရာတော် ၁၂ ပါး စုစုပေါင်း ဆရာတော် ၂၈၄ ပါးဖြစ်ပြီး သီလရှင်ဆရာကြီး ၄၁ ပါးရှိသည်ကို သိရကြောင်း၊ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အနေဖြင့် ပြည်တွင်း ၂၇ ဦး၊ ပြည်ပအမျိုးသမီး တစ်ဦး စုစုပေါင်း ၂၈ ဦးရှိကြောင်း၊ အဆိုပါ ၂၈ ဦးမှာ သာသနာပြုဘွဲ့ရ ၉ ဦးနှင့် သာသနာနုဂ္ဂဟဘွဲ့ရ ၁၉ ဦး ဖြစ်ပြီး ပြည်ပဘွဲ့တံဆိပ်ရ အမျိုးသမီးသည် သာသနာပြုဘွဲ့ဖြစ်သည့် “မဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်ဖြစ်ကြောင်း။

**စနစ်တကျစစ်ဆေး**

အခမ်းအနား ကျင်းပမည့်နေ့ရက်သည် ရာသီဥတုသမမျှတနိုင်သည်ဆိုသော်လည်း ကိုဗစ်-၁၉ နှင့် အိုမီခရွန်ရောဂါပိုးကူးစက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အခမ်းအနားသို့ ကြွရောက်လာကြမည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များနှင့် အထောက်အကူပြုအဖွဲ့များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ ဆွမ်းဆန်တော် လောင်းလှူရေး၊ ဆွမ်းဆက်ကပ်ရေး၊ ချက်ပြုတ်ကျွေးမွေးရေးတို့နှင့် စပ်လျဉ်း၍ အခမ်းအနားမကျင်းပမီ၊ အခမ်းအနားကျင်းပစဉ်နှင့် အခမ်းအနားကျင်းပပြီးစီးသည်အထိ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ခမ်းနားစွာဆောင်ရွက်**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လစ်ဟာမှုများမရှိစေရန် သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို စနစ်တကျ သေချာစွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပမည့် အခမ်းအနားမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၁၊ ၃၆၂ နှင့် ၃၆၃ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခမ်းနားစွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်း က ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေး အခမ်းအနားကျင်းပမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဆွမ်းဆန်တော်လောင်းလှူရေး ဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

“ရာသီဥတု အပူအအေးမျှတသည့် အခါသမယတွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက အစဉ်အလာကြီးမားစွာ ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်အဆင့် ဆောင်ရွက်ရမည့် အခမ်းအနားကြီးဖြစ်ကာ နှစ်စဉ် ကျင်းပသည့် အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီများနှင့် လုပ်ငန်းကော်မတီများအနေဖြင့် တက်ညီလက်ညီ စနစ်တကျပူးပေါင်း ဆောင်ရွက်သွားကြရမည်”

# ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများ ခန့်အပ်တာဝန်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများ ခန့်အပ်တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




**အင်အားဖြည့်တင်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း သူနာပြု/ သားဖွားများ၏ အင်အားကို ဖြည့်တင်းနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားကျန်းမာရေး မူဝါဒနှင့်အညီ၊ အမျိုးသားကျန်းမာရေးစီမံကိန်း၊ ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ် (၃၀) နှစ်ရှည် စီမံကိန်းတို့ကို စနစ်တကျ ရေးဆွဲပြီး နယ်စပ်ဒေသ ကျေးလက် အစွန်အဖျား အပါအဝင် တစ်နိုင်ငံလုံးကို ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံမှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

**လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**

ကျန်းမာရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာအကျိုးပြုမည် ဖြစ်သည့်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယနေ့ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များထဲတွင် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်မွေးထုတ်မှု၊ အသုံးချမှု၊ နေရာချထားမှု၊ စီမံခန့်ခွဲမှုများကို စနစ်တကျ ဆောင်ရွက်ခြင်းနှင့် အရည်အသွေး ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လုံလောက်စွာ မွေးထုတ်ခြင်းဟူ၍ သတ်မှတ် ထားခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်များ၊ သူနာပြု ဆရာ/ဆရာမများ၊ သားဖွားဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ် လေ့ကျင့်မွေးထုတ်လျက် ရှိကြောင်း။

**ကျင့်ဝတ်များကို လိုက်နာ**

ယခု အလုပ်ခန့်အပ် တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ/ ဆရာမများကို အထူးမှာကြားလိုသည်မှာ နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့် ထမ်းရွက်ရာ၌ မိမိတို့တာဝန်ကျရာ နေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှု ပေးရမည်ဖြစ်ပြီး အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ သူနာပြု ဆရာ/ ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကို ပညာပြည့်ဝ နှလုံးလှစွာ ချိုသာပျူငှာဆက်ဆံကြပါရန်နှင့် အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများဖြင့် ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သောသူနာပြု ဆရာ/ဆရာမကောင်းများ ဖြစ်ကြစေလိုကြောင်း၊ သူနာပြုမိခင်ကြီး ဖလောရင့်စ်နိုက်တင်ဂေးလ် ၏ စိတ်ဓာတ်၊ မြန်မာနိုင်ငံမှ ဖလောရင့်စ်နိုက်တင်ဂေးလ် ဆုရရှိခဲ့သည့် သူနာပြု လေးဦးတို့ကို စံပြုထား၍ ကိုယ်ကျိုးစွန့်ပြီး လူနာများ၏ အသက်အန္တရာယ်များကို ကာကွယ်ပြုစုစောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း၊ မည်သည့် အခြေအနေမျိုးဖြင့် ကြုံတွေ့စေကာမူ လူနာများကို တာဝန်မဲ့စွာ စွန့်ခွာသွားခြင်းမျိုး မပြုလုပ်စေလိုကြောင်းကို အထူးအလေးထား မှာကြားလိုပါကြောင်း။

လူတိုင်း လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရရှိစေရန်အတွက် မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအကျိုး၊ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြသည့် ဂုဏ်ယူထိုက်သော သူနာပြုဆရာ/ဆရာမ ကောင်းများ ဖြစ်ကြစေရန် ဆန္ဒပြုပါကြောင်း မှာကြားသည်။

**သူနာပြုခန့်အပ်**

ထို့နောက် နေပြည်တော်၊ မုံရွာ၊ လှိုင်ကော် သူနာပြုသင်ကျောင်းများမှ သင်တန်းပြီးမြောက် အောင်မြင်ခဲ့သူ သစ်လွင်သူနာပြုများအတွက် သူနာပြုခန့်အပ် တာဝန် ပေးအပ်ခြင်းများကို ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက ပေးအပ်ရာ သက်ဆိုင်ရာသစ်လွင် သူနာပြု ကိုယ်စားလှယ်များက လက်ခံရယူပြီး သစ်လွင်သူနာပြု တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် နေပြည်တော်၊ မုံရွာ၊ လှိုင်ကော် သူနာပြုသင် ကျောင်းများမှ သင်တန်း ပြီးမြောက်အောင်မြင်ခဲ့သူ သစ်လွင်သူနာပြု ၆၅ ဦးကို ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ သူနာပြု/သားဖွား သင်တန်းကျောင်း ၂၂ ကျောင်းမှ သင်တန်း ပြီးမြောက် အောင်မြင်ခဲ့သူ သစ်လွင်သူနာပြု ၆၁၉ ဦးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၌ လည်းကောင်း သစ်လွင်သူနာပြုများ ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး စုစုပေါင်း သစ်လွင်သူနာပြု ၆၈၄ ဦး ခန့်ထားခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် မကြာမီသင်တန်းပြီးဆုံးမည့် သားဖွားဆရာမ ၁၆၅ ဦးကိုလည်း အမြန်ဆုံး အလုပ်ခန့်အပ် တာဝန်ပေးသွားမည် ဖြစ်ပြီး ကျန်ရှိနေသေးသော သူနာပြု သားဖွား သင်တန်း၊ ပေါင်းကူး သင်တန်းများကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ် (၆၀) မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကညွတ်ရိုးရေထိန်းတံခါး ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အကြိမ် (၆၀) မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ခဲ့သည့် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ကညွတ်ရိုးရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို အဆိုပါရေထိန်းတံခါး၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်း တူးဖော် ခြင်း၊ ရေတံခါးတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ တာတမံပြုပြင်ခြင်း စုစုပေါင်း လုပ်ငန်း ၁၂၈ ခုအား နှစ်အလိုက်ဆောင်ရွက်ပေးခဲ့ပြီး စိုက်ပျိုးရေ ပိုမိုရရှိလာသည့်အတွက် နွေစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ယခုနှစ်တွင် ၁၈၆၁၃၉ ဧကခန့်ထိ ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ယခုကညွတ် ရိုးရေထိန်းတံခါး တည်ဆောက်ပေးခြင်းအားဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ လယ်ယာမြေဧက ၁၅၀၀ အား နွေစပါးရာသီတွင် စိုက်ပျိုးရေပေးဝေနိုင်ခြင်း၊ တစ်သီးစား၊ နှစ်သီးစား၊ သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း၊ မြို့နယ်အတွင်း လိုအပ်သော သောက်သုံးရေ များရရှိနိုင်ခြင်း၊ ရေတံခါးကို အမှီပြု၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်နှင့် အမှီဆက်နွှယ်လျက်ရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခံစားနိုင်ပြီး သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမှုကြောင့် ကျန်းမာရေးနှင့် လူမှုရေးနယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူ ပြုစေမည်ဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် ကညွတ်ရိုးရေထိန်းတံခါးသည် ယခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်သော အကြိမ် (၆၀) မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး က ကညွတ်ရိုး ရေထိန်းတံခါးသည် သံကူကွန်ကရစ်အဆောက်အအုံဖြင့် ဆားငန်ရေတိုက်စားမှုကိုခံနိုင်ရည်ရှိသည့် Stainless Steel အမျိုးအစား တံခါးရွက်များကို အသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ငမိုးရိပ်ရေလှောင်တမံမှ ထုတ်လွှတ်ပေးသောဆည်ရေကို ငမိုးရိပ်လက်ယာမြောင်းမှတစ်ဆင့် ရှမ်းတဲကြီးချောင်း၊ မအူချောင်း၊ ကညွတ်ရိုးချောင်းများအတွင်းသို့ အဆင့်ဆင့် ရေသွင်းယူပြီး ကညွတ်ရိုးရေတံခါးတွင် ရေချိုသိုလှောင်ထိန်းသိမ်းပြီး နွေရာသီတွင် နွေစပါးဧက ၁၅၀၀ စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးနှင့် ပဲခူးမြစ်မှ ရေငန်များပြန်လည်ဝင်ရောက်ခြင်း မရှိစေရန်အတွက်လည်း ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကညွတ်ရိုးရေထိန်းတံခါးအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီး ဝန်ကြီး ဦးအောင်သန်းဦး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေထိန်းတံခါးအား လှည့်လည်ကြည့်ရှု စစ်ဆေး၍ ရေရှည်ထိန်းသိမ်းနိုင်ရေးလာမည့် မိုးကာလ မကုန်မီ ရေချိုထိန်းသိမ်းနိုင်ရေး စနစ်တကျ စောင့်ကြပ်ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ထိပ်တန်းရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်မှ အသင်းသားပြည်သူများ၏ စားဝတ်နေရေး၊ လူမှုရေးနှင့် ကျန်းမာရေး ကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် အတွက် အသင်းသားပြည်သူ ၃၄၉ ဦး အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၉၈၀၀၀၀ ကို အသင်း ဒါရိုက်တာအဖွဲ့မှ အသင်းသား ပြည်သူများ လက်ဝယ်အရောက် လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးပို့

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) တွင် ဂမ်ဘီယာနိုင်ငံက အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (the Organization of Islamic Cooperation – OIC) ကိုယ်စား ၁၉၄၈ ခုနှစ် လူမျိုးတုံးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာ သဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားသည့်ကိစ္စနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ခဲ့သော ကနဦးကန့်ကွက်လွှာကြားနာပွဲသို့ မြန်မာနိုင်ငံကိုယ်စားလှယ် (Agent) ဖြစ်သူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အလှည့်ကျကိုယ်စားလှယ် (Alternate Agent) ဖြစ်သူ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နိုင်ငံတကာရှေ့နေများနှင့် ဥပဒေကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ယင်းသို့ တက်ရောက်ရာတွင် ဂမ်ဘီယာနိုင်ငံမှ တင်သွင်းသည့် အမှုအပေါ် တရားရုံးက စီရင်ပိုင်ခွင့်မရှိကြောင်းနှင့် တရားစွဲဆိုပိုင်ခွင့်မရှိကြောင်းကို မြန်မာကိုယ်စားလှယ် (Agent) ဖြစ်သူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နိုင်ငံတကာရှေ့နေများဖြစ်သော Dr. Christopher Staker၊ Professor Stefan Talmon၊ Professor Robert Kolb တို့က ဥပဒေရှုထောင့်မှ ထိရောက်စွာ ချေပပြောဆိုရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့ကြသော ဌာနချုပ်နှင့် မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးနှင့် စေတနာရှင်များ အားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေများဖြစ်ကြသော Dr. Christopher Staker၊ Professor Stefan Talmon၊ Professor Robert Kolb တို့သည် အမှုတွင် ပညာရှင်ပီသစွာ စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမံ ခုခံချေပပေးခဲ့သည့်အတွက်လည်းကောင်း အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီကိုယ်စား ဥက္ကဋ္ဌဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးပို့၍ ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**




မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် Hybrid Format ဖြင့် ဥပဒေရေးရာ ဝန်ကြီးဌာနရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်တို့က Online မှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးအလုပ်သမား ပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၂၀၁၉–၂၀၂၃ ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ ၈ ရပ် ဖွဲ့စည်းထားရာတွင် ဥပဒေရေးရာ လုပ်ငန်းကော်မတီကလည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ ဥပဒေရေးရာ လုပ်ငန်းကော်မတီအနေဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီး အမျိုးသားအဆင့်ကော်မတီသို့ တင်ပြကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် အတည်ပြုထားပြီးဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ဥပဒေရေးရာလုပ်ငန်းများ တိုးတက်မှု အခြေအနေများကိုလည်း လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေပိုင်းဆိုင်ရာများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ဦးစားပေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းပြုနိုင်ရန်အတွက် ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ အကြံပြုချက်များ တင်ပြသွားမည်ဖြစ်သည့်အတွက် အကြံပြုချက်များ ရှိပါက မိမိတို့ကော်မတီသို့ ပေးပို့အကြံပြုစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာ လုပ်ငန်းကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ကလေးအလုပ်သမား ပပျောက်ရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲများ ကျင်းပရာတွင် အသုံးပြုရမည့် ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက် ကောက်နုတ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆုံးဖြတ်ရန် အချက်(၄) ချက်ကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာနက (၂၉–၃–၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁–၁–၂၀၂၂) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက် ဖြင့် (၂၈–၂–၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။


ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် ကိုဗစ်ရောဂါပိုး ကူးစက်မှု အန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁–၃–၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## စစ်ကိုင်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ယနေ့ မြန်မာစံတော်ချိန် ၁၄ နာရီ၊ ၂၄မိနစ်၊ ၅၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်–အနောက်မြောက်ဘက် ၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စစ်ကိုင်းမြို့၏ မြောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၀၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၁ ဒီဂရီ၊ အနက် ၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင် လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**



# Genocide Convention အရ လျှောက်ထားသောအမှု (ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် PROFESSOR MR STEFAN TALMON ၏ ဒုတိယအကြိမ်မြောက်လျှောက်လဲတင်ပြချက် ကနဦးကန့်ကွက်လွှာ ဒုတိယအချက်

**ဥက္ကဋ္ဌနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျာ၊**

၁။ ကျွန်တော့်အနေဖြင့် ဂမ်ဘီယာက မြန်မာနိုင်ငံ၏ ကနဦးကန့်ကွက်လွှာဒုတိယအချက်အပေါ် တုံ့ပြန်ချက် (Observations) နှင့်စပ်လျဉ်း၍ ပြန်လည်တုံ့ပြန် လျှောက်လဲတင်ပြမှာ ဖြစ်ပါတယ်။ ဤအမှုတွင် ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရုံး၌ တရားစွဲဆိုဆောင်ရွက်ခွင့်မရှိကြောင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၂။ ဗုဒ္ဓဟူးနေ့က ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံ၏ လျှောက်လဲတင်ပြချက်ကို အဓိပ္ပာယ်မရှိဘူး (Absurd)၊ ဆိုးရွားတယ် (Abject)၊ သမိုင်းကြောင်းနှင့်မကိုက်ညီဘူး (Ahistorical)၊ မှားယွင်းနေတယ် (Erroneous)၊ အလွန်အားနည်းတယ် (Tenuous)၊ ရောမွှေလုပ်ကြံထားတယ် (Concocted)၊ အကြောင်းမသင့်ဘူး (Unfortunate) ဟု ပြောသွားတာကို တရားသူကြီးမင်းများ ကြားရမည်ဖြစ်သော်လည်း ဤအမှုကိစ္စတွင် ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရုံး၌ တရားစွဲဆိုဆောင်ရွက်ခွင့်ရှိကြောင်းနှင့်စပ်လျဉ်း၍ ကောင်းမွန်စွာလျှောက်လဲတင်ပြနိုင်ခြင်းမရှိတာကို တရားသူကြီးမင်းများအနေဖြင့် ကြားသိမှာ ဖြစ်ပါတယ်။

**တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက် (Invocation of Responsibility) နှင့် တရားရုံး၌တရားစွဲဆို ဆောင်ရွက်ခွင့် (Standing) ကွာခြားချက်**

၃။ ဂမ်ဘီယာနိုင်ငံက ၎င်း၏ စာဖြင့် တုံ့ပြန်ချက် (Written Observation) ကဲ့သို့ပင် နှုတ်ဖြင့် လျှောက်လဲတင်ပြချက်တွင်လည်း တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက် (Invocation of Responsibility) နှင့် နိုင်ငံတစ်နိုင်ငံက တရားရုံး၌ တရားစွဲဆိုဆောင်ရွက်ခွင့် (Standing) တို့ကို ထပ်ကာထပ်ကာ ရောထွေးဖော်ပြထားကြောင်း ပြောကြားရင်း မိမိ၏လျှောက်လဲတင်ပြချက်ကို စတင်လိုပါတယ်။ ဥပမာအားဖြင့် ဂမ်ဘီယာနိုင်ငံက "လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူများအပေါ် နိုင်ငံအနေဖြင့် တာဝန်ရှိမှု ...." (Standing...to invoke the State responsibility of the perpetrator of genocidal violence) ကို ပြောဆိုထားပါတယ်။ ကျွန်တော့်အနေဖြင့် ရှင်းပြလိုသည်မှာ တာဝန်ရှိမှုဆိုင်ရာ တောင်းဆိုချက် (Invocation of Responsibility) နှင့် တရားရုံး၌ တရားစွဲဆိုဆောင်ရွက်ခွင့် (Standing) တို့သည် မတူညီသည့်သဘောတရားများ ဖြစ်ပါတယ်။ တနင်္လာနေ့က ကျွန်တော်ကိုးကားဖော်ပြထားသည့် ILC မှ Articles on State Responsibility နှင့်စပ်လျဉ်း၍ ILC ၏ ရှင်းလင်းချက် (Commentary) တွင် အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။

၄။ မြန်မာအနေဖြင့် ဂမ်ဘီယာနိုင်ငံမှ နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုနှင့် တရားရုံး၌ တရားစွဲဆိုဆောင်ရွက်ခွင့် (Standing) ကို တန်းတူထားလျက် မမှန်မကန်ဖော်ပြထားခြင်းကြောင့်လည်းကောင်း၊ ဂမ်ဘီယာနိုင်ငံက နိုင်ငံတစ်နိုင်ငံမှ တာဝန်ရှိမှုအတွက် တောင်းဆိုခွင့်ရှိလာပါက တရားရုံး၌ အလိုအလျောက် တရားစွဲဆိုဆောင်ရွက်ခွင့်ရှိသည်ဟု ပြောဆိုထားခြင်းကြောင့်လည်းကောင်း တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက် (Invocation of Responsibility) နှင့်စပ်လျဉ်းသည့် မေးခွန်းကိုသာ ရှင်းလင်းမှာဖြစ်ပါတယ်။ အမှုမှာတော့ အဲ့ဒီလောက်လွယ်ကူခြင်းမရှိပါ။

**တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက် (Invocation of Responsibility) နှင့် နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်း (the Nationality of Claims Rule)**

၅။ တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာနိုင်ငံ၏ လျှောက်လဲတင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။

၆။ ပထမအချက်အနေဖြင့် ဂမ်ဘီယာနိုင်ငံ၏ ပြောဆိုချက်နှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံမှ ယခုအမှုတွင် ဂမ်ဘီယာနိုင်ငံက ၎င်း၏ အပြည်ပြည်ဆိုင်ရာတာဝန်ရှိမှုအရ တောင်းဆိုခွင့်ရှိသည်ဆိုသောအချက်ကို လက်မခံပါ။ "ဂမ်ဘီယာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံက နိုင်ငံ၏ကိုယ်ပိုင်အခွင့်အရေးနှင့် အကျိုးစီးပွားကို ချိုးဖောက်ခံရမှုမရှိဘဲ စာချုပ်ဝင်အခြားနိုင်ငံအားလုံးအတွက်တာဝန်ရှိခြင်း (erga omnes partes) နှင့်စပ်လျဉ်း၍ လိုက်နာရန်တာဝန်အပေါ် အကျိုးသက်ဆိုင်မှုရှိသည်ကို မြန်မာနိုင်ငံက လက်ခံထားတယ်" ဆိုတာ တရားရုံးက ၎င်း၏ ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) အမိန့်တွင် ဖော်ပြထားခြင်းမရှိသည့်အပြင် ထိုကဲ့သို့သော ဝန်ခံမှုကို ပြုလုပ်ခဲ့ခြင်း မရှိပါ။



၇။ ယခုတင်ပြမည့် ဒုတိယအချက်သည် ပို၍အရေးကြီးပါတယ်။ ဂမ်ဘီယာနိုင်ငံအနေဖြင့် နိုင်ငံသားအတွက် တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းအရ မိမိနိုင်ငံပြင်ပရှိ နိုင်ငံသားမဟုတ်သူများကို လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခြင်းခံရသည်ဟူသောစွပ်စွဲချက်ဖြင့် မြန်မာနိုင်ငံက တာဝန်ရှိကြောင်း တောင်းဆိုခြင်းမပြုနိုင်ပါ။

၈။ ဂမ်ဘီယာနိုင်ငံသည် အောက်ဖော်ပြပါ နိုင်ငံ၏တာဝန်ရှိမှု (State Responsibility) ဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၄၄ အပိုဒ်ခွဲ (က) တွင် ပြဋ္ဌာန်းထားချက်နှင့်ပတ်သက်ပြီး ရှင်းလင်းနိုင်ခြင်းမရှိပါ -

> "တောင်းဆိုချက်တစ်ရပ်သည် နိုင်ငံသားအတွက်တောင်းဆိုပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းနှင့်အညီ တောင်းဆိုခြင်းမဟုတ်လျှင် နိုင်ငံတစ်နိုင်ငံ၏တာဝန်ရှိမှုကို တောင်းဆိုခွင့်မရှိ"

၉။ ယင်းပြဋ္ဌာန်းချက်မှာ ရှင်းလင်းတိကျပြီး ILC ၏ ရှင်းလင်းချက် (Commentary) တွင်လည်း ယင်းအတိုင်းပင် ဖော်ပြထားပါတယ်။ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းတွင် ထိုစာချုပ်များအတွက်ဖြစ်စေ ထိုသို့သောတာဝန်ဝတ္တရားအတွက်ဖြစ်စေ ခြွင်းချက်မရှိပါ။

၁၀။ ဂမ်ဘီယာနိုင်ငံက " နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုဆိုင်ရာစည်းမျဉ်း (Rule Relating to the Nationality of Claims) တစ်ခုခုနှင့် နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းသည် သက်ဆိုင်သည့်အမှုကိစ္စများတွင် တာဝန်ရှိကြောင်း တောင်းဆိုခွင့်အတွက် ယေဘုယျစည်းမျဉ်းဖြစ်သည်" ဟုဆိုသော ယင်းကိစ္စရှင်းလင်းချက် (Commentary) တွင် ဖော်ပြထားချက်ကို အဓိကထား၍ တင်ပြထားပါတယ်။ ကျွန်တော့်အနေဖြင့် အဆိုပါဖော်ပြချက်ကို မီးမောင်းထိုးပြရလျှင် ILC ကိုယ်တိုင်က နိုင်ငံသားအတွက်တောင်းဆိုနိုင်ခွင့်ကို "တာဝန်ရှိမှုဆိုင်ရာတောင်းဆိုချက် (Invocation of Responsibility) အတွက် ယေဘုယျစည်းမျဉ်း" ဟု ခေါ်ဆိုသည်ဖြစ်ရာ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းဆိုင်ရာလိုအပ်ချက်များတွင် ခြွင်းချက်မရှိပါ။ ယင်းနှင့်သက်ဆိုင်သည့်ကိစ္စတိုင်းအတွက် စည်းမျဉ်းဖြစ်ပါတယ်။

၁၁။ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းကို နိုင်ငံ၏တာဝန်ရှိမှုဆိုင်ရာ အမှုကိစ္စများအားလုံးတွင် အသုံးမပြုနိုင်သည်မှာ မှန်ကန်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အပြည်ပြည်ဆိုင်ရာတာဝန်ရှိမှုများ ချိုးဖောက်မှုကြောင့် နစ်နာမှုအတွက် တာဝန်ရှိမှုအပေါ် အခြားနိုင်ငံတစ်နိုင်ငံက တောင်းဆိုသည့်ကိစ္စရပ်များတွင် အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် ထိုစည်းမျဉ်းသည် ရှင်းလင်းစွာပဲ ယခုအမှုနှင့်သက်ဆိုင်ပါတယ်။ ဂမ်ဘီယာနိုင်ငံသည် ၎င်းကိုယ်တိုင်နစ်နာမှုရှိသည်မဟုတ်ဘဲ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တစ်ဦးတစ်ယောက်စီတိုင်းတွင် နစ်နာမှုခံစားနေရသည်ဟူသောစွပ်စွဲချက်အတွက် မြန်မာနိုင်ငံ၌ တာဝန်ရှိသည်ဟု တင်ပြထားပါတယ်။

၁၂။ ဒါဆိုရင် နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းသည် Genocide Convention တွင် သက်ဆိုင်မှုမရှိကြောင်းကို ဂမ်ဘီယာက တရားရုံးရှေ့မှောက်တွင် မည်သို့လျှောက်လဲတင်ပြထားပါသလဲ။ ပထမအချက်အနေဖြင့် ၎င်းက "ကွန်ဗင်းရှင်း၏မည်သည့်အချက်ကမျှ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းနှင့် သက်ဆိုင်နေသည်ဟု ညွှန်ပြထားခြင်းမရှိပါ" ဟု ငြင်းဆိုထားခဲ့ပါတယ်။ သို့သော် မေးစရာရှိသည်မှာ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်း သက်ဆိုင်ခြင်းကို ကွန်ဗင်းရှင်းတွင် ရည်ညွှန်းချက် သို့မဟုတ် ဖော်ပြချက် ပါရှိနေဖို့ လိုအပ်ပါသလား။ Genocide Convention သည် အဓိကတာဝန်ဝတ္တရားများနှင့်သာ သက်ဆိုင်ပါတယ်။ နိုင်ငံသားဆိုင်ရာတောင်းဆိုပိုင်ခွင့်စည်းမျဉ်းသည် နိုင်ငံ၏တာဝန်ရှိမှုတွင် ဆင့်ပွားစည်းမျဉ်း (Secondary Rule) ဖြစ်ပြီး ယင်းသည် နိုင်ငံတစ်နိုင်ငံက တာဝန်ရှိသည်ဟု မှတ်ယူရမည့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ယေဘုယျစည်းမျဉ်း ဖြစ်ပါတယ်။ ဤဆင့်ပွား စည်းမျဉ်းများသည် စာချုပ်များအား ချိုး ဖောက်မှုတွင် အကျုံးဝင်သောကြောင့် ဤယေဘုယျစည်းမျဉ်းသည် စာချုပ်တိုင်း ဖော်ပြပါရှိနေရန်မလိုပါဘူး။ ဂမ်ဘီယာနိုင်ငံအနေဖြင့် ယင်းကဲ့သို့ သက်ဆိုင်ကြောင်းပါရှိသည့် အတိအလင်းဖော်ပြထားသည့် မည်သည့်စာချုပ်ကိုမျှ ဥပမာအနေဖြင့် တင်ပြနိုင်ခြင်းမရှိပါဘူး။ အကြောင်းပြချက်က ရိုးရှင်းပါတယ်။ အကြောင်းပြစရာမရှိလို့ ဖြစ်ပါတယ်။ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းကို ကျင့်သုံးခြင်းသည် စာချုပ်အပေါ်တွင်မူတည်မှုရှိမနေဘဲ နိုင်ငံတစ်နိုင်ငံချင်းစီ၌ ထိခိုက်နစ်နာမှု ရှိ မရှိနှင့်သာ သက်ဆိုင်ပါတယ်။

၁၃။ ဒုတိယအချက်အနေဖြင့် ဂမ်ဘီယာနိုင်ငံက နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းကို Genocide Convention နှင့်သက်ဆိုင်သည့်အမှုကိစ္စတွင် ကျင့်သုံးခြင်းသည် "ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်နှင့် သွေဖည်နေမည်" ဟု ပြောထားပါတယ်။ သို့သော် ဂမ်ဘီယာအနေဖြင့် ယေဘုယျစည်းမျဉ်းအသုံးပြုခြင်းသည် ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်နှင့် မည်ကဲ့သို့သွေဖည်နေသည်ကို ရှင်းပြနိုင်ခြင်းမရှိပါဘူး။ ရှေးဦးစွာ ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်ကို ရှင်းပြခြင်းမရှိဘဲ လူမျိုးတုံးသတ်ဖြတ်ခြင်းသည် "ကမ္ဘာ့ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရတို့နှင့် သွေဖည်နေသည့်အပြင်" "၎င်းသည် လူသားတို့၏ အသိစိတ်ကို တုန်လှုပ်စေပါတယ်" ဟုသာ ဖော်ပြထားပါတယ်။ ထိုသို့ပြောဆိုချက်သည် ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်ကို မည်ကဲ့သို့ သွေဖည်ကြောင်း ဖော်ပြနေခြင်းမဟုတ်သည့်အပြင် မည်သည့်အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဆင့်ပွားစည်းမျဉ်းဖြစ်သည့် ယေဘုယျစည်းမျဉ်းသည် ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိဘူးဆိုတာကိုလည်း ပြောဆိုထားခြင်း မရှိပါဘူး။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၁၄။ ၎င်းကတင်ပြထားသည်မှာ ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်သည် လူမျိုးတုံးသတ်ဖြတ်မှုအတွက် ပြစ်မှုကျူးလွန်သူများနှင့် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူများကို တရားစီရင်မှုခံယူစေခြင်းဖြင့် "အပြည်ပြည်ဆိုင်ရာဥပဒေအရ လူမျိုးတုံးသတ်ဖြတ်မှုကို ပြစ်မှုအဖြစ်ရှုတ်ချ၍ အပြစ်ပေးအရေးယူရန် ဖြစ်ပါတယ်။ ဤကွန်ဗင်းရှင်းသည် Nuremberg နှင့် တိုကျို စစ်ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ နောက်ခံအကြောင်းအချက်များနှင့် ဆန့်ကျင်လျက်ရှိသည်ဟု မှတ်ယူနိုင်သော်လည်း တရားရုံးရှေ့မှောက် နိုင်ငံအချင်းချင်း (Inter–State) တောင်းဆိုမှုများနှင့်မူ ဆန့်ကျင်ခြင်းမရှိကြောင်း မြင်တွေ့နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ၏ လျှောက်လဲတင်ပြချက်သည် သမိုင်းကြောင်းနှင့်မညီဘူး (Ahistorical) လို့ မပြောနိုင်ပါဘူး။ ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်သည် မိမိနိုင်ငံပြင်ပရှိ နိုင်ငံသားမဟုတ်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ မည်သည့်စာချုပ်ဝင်နိုင်ငံမှမဆို အခြားစာချုပ်ဝင်နိုင်ငံများ၏ တာဝန်ရှိမှုကို တောင်းဆိုနိုင်ခွင့်ကို ခွင့်မပြုထားပါဘူး။

၁၅။ နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းသည် ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်နှင့် သွေဖည်နေသည်ဆိုပါက ကွန်ဗင်းရှင်းအပိုဒ် ၈ နှင့် အပိုဒ် ၉ ကို ခြွင်းချက်ထားခြင်းသည်လည်း ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်နှင့် သွေဖည်မှုမရှိနေသင့်ဘူးလားဟု မေးခွန်းထုတ်စရာရှိပါတယ်။ ယင်းခြွင်းချက်များသည် စာချုပ်ဝင်နိုင်ငံများကို လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်နေသည်ဟု စွပ်စွဲချက်များကို တရားရုံး၌ တရားစွဲဆိုခြင်းကို တားဆီးထားပါတယ်။

၁၆။ ဂမ်ဘီယာနိုင်ငံ၏တင်ပြမှုတွင် လူတစ်ဦးစီကိုနစ်နာစေမှုတွင် တာဝန်ရှိမှုဆိုင်ရာ တောင်းဆိုချက်ဖြင့် နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းကို အသုံးပြုခြင်းသည် "ကံအကြောင်းမလှ" (Unfortunate) သည့်ရလဒ်ကို ဖြစ်ပေါ်စေကြောင်းဖြင့် ပြောထားသော်လည်း ဂမ်ဘီယာနိုင်ငံက ယခုအမှုတွင် မည်သည့်အတွက်ကြောင့် အသုံးမပြုနိုင်သလဲဆိုသော ပြီးပြည့်စုံသည့် လျှောက်လဲချက်ကို တင်ပြနိုင်ခြင်းမရှိပါဘူး။

၁၇။ နိုင်ငံသားအတွက်တောင်းဆိုနိုင်မှုစည်းမျဉ်းသည် ဂမ်ဘီယာနိုင်ငံက ၎င်း၏ နိုင်ငံသားမဟုတ်သူများအပေါ် မြန်မာနိုင်ငံလူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်လျက်ရှိသည်ဆိုသောစွပ်စွဲချက်ဖြင့် မြန်မာနိုင်ငံမှ တာဝန်ရှိကြောင်း တောင်းဆိုနိုင်ခွင့်ကို ဟန့်ထားထားပါတယ်။ ဒါကြောင့် တာဝန်ရှိမှုဆိုင်ရာ တောင်းဆိုချက်သည် တရားရုံးတွင် တရားစွဲဆိုနိုင်ခွင့်အပေါ် သက်ဆိုင်မှုရှိခဲ့သော်လည်း ယခုအမှုတွင် တရားရုံး၌ တရားစွဲဆိုနိုင်ခွင့်ရှိမှာ မဟုတ်ပါဘူး။

**အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွားသည် အမှုစွဲဆိုခွင့်အခြေအနေအဖြစ် သတ်မှတ်ရန် မလုံလောက်ခြင်း**

**ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော တရားသူကြီးမင်းများခင်ဗျာ၊**

၁၈။ ဂမ်ဘီယာနိုင်ငံက Genocide Convention နှင့်ပတ်သက်သော အမှုကိစ္စတွင် အမှုစွဲဆိုနိုင်ခွင့်နှင့်စပ်လျဉ်း၍ တစ်နိုင်ငံချင်းစီ၏ တရားဝင် အကျိုးစီးပွားရှိဖို့ မလိုအပ်ဘဲ ယင်း Convention ကို လိုက်နာစေဖို့အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော ဘုံအကျိုးစီးပွားရှိလျှင် လုံလောက်ပြီဟု ဆိုထားပါတယ်။

၁၉။ တရားရုံးက ၎င်း၏ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်မှာ Genocide Convention အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့်သက်ဆိုင်သော ဘုံအကျိုးစီးပွားရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး ယင်းအချက်အပေါ်အခြေခံ၍ ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံနှင့် ဖြစ်ပွားသော အငြင်းပွားမှုနှင့်ပတ်သက်၍ တရားရုံးသို့ အမှုလျှောက်ထားတင်သွင်းရန်အတွက် ထင်သာမြင်သာသော အမှုစွဲဆိုပိုင်ခွင့်အခြေအနေရှိတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်ဆိုတာ မှန်ပါတယ်။ တနင်္လာနေ့က ကျွန်တော် တင်ပြခဲ့သလိုပါပဲ တရားရုံးအနေနဲ့ အကြောင်းခြင်းရာနှင့် ဥပဒေကြောင်း အခြေအနေနှစ်ခုစလုံးကို ခွဲခြားလို့ ရနိုင်တယ်ဆိုတဲ့ Belgium v. Senegal အမှုမှ သုံးသပ်တွေ့ရှိချက်များကို အခြေခံပြီးတော့မှ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာပဲဖြစ်ပါတယ်။

၂၀။ ကျွန်တော့်အနေနဲ့ တရားရုံးကချမှတ်ခဲ့တဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်၏ အပိုဒ် ၈၅ ပါ ဖော်ပြချက်ကို အောက်ဖော်ပြပါအတိုင်း ထပ်လောင်းတင်ပြချင်ပါတယ် –

> "လက်ရှိအမှုစွဲဆိုထားခြင်းနှင့်ပတ်သက်၍ တရားရုံးကချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် လျှောက်ထားချက်အား လက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များကိုဖြစ်စေ၊ ပင်မအမှုဆိုင်ရာ ကိစ္စရပ်များကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။ အဆိုပါ ကိစ္စရပ်များနှင့်ပတ်သက်၍ အမှုမှာပါဝင်သောနိုင်ငံများ၏ လျှောက်လဲတင်ပြခြင်းနှင့် သက်သေခံချက်များ တင်သွင်းခြင်းဆိုင်ရာ အခွင့်အရေးကိုလည်း ထိခိုက်ခြင်းမရှိစေရ"

၂၁။ ဂမ်ဘီယာနိုင်ငံ သတိပြုမိသလိုပါပဲ အမှုလက်ခံခွင့်နှင့်ပတ်သက်တဲ့မေးခွန်းအပေါ် ဤကနဦးကြားနာမှုတွင် မြန်မာ၏တင်ပြချက် အသစ်တင်ပြမှုသည် ဂမ်ဘီယာ၏ ယခုအမှုမှာ တရားစွဲဆိုနိုင်ခွင့် မရှိကြောင်းကို ပြသနေပါတယ်။

၂၂။ ကျွန်တော့်အနေဖြင့် ဖြည့်စွက်ပြောလို့ရမယ်ဆိုရင် တရားရုံးက ကြားဖြတ်စီမံဆောင်ရွက်ချက်အဆင့်တွင် တရားရုံးက စီရင်ပိုင်ခွင့် မရှိကြောင်း သို့မဟုတ် တောင်းဆိုချက်ကို ခွင့်ပြုနိုင်ခြင်း မရှိကြောင်းကို နောက်ပိုင်းတွင်မှ ဆုံးဖြတ်ရမည့်အစား ထင်သာမြင်သာသော အချက်ကို အခြေခံပြီး တရားရုံးက စီရင်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် တောင်းဆိုချက်ကို ခွင့်ပြုနိုင်ကြောင်းဆုံးဖြတ်ခဲ့တာဟာ ဒီအမှုက ပထမဆုံးအမှု မဟုတ်ပါဘူး။ ဒါကြောင့် ကြားဖြတ်စီမံဆောင်ရွက်ချက် အမိန့်ကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကြိုဆိုခြင်းဖြင့် ဂမ်ဘီယာနိုင်ငံတွင် အမှုစွဲဆိုနိုင်ခွင့်ရှိကြောင်း အတည်ပြုဖို့ဆိုတာက အလွန်တရာပင် အလှမ်းကွာဝေးပါတယ်။

၂၃။ ဂမ်ဘီယာနိုင်ငံအနေဖြင့် တရားရုံးကဆုံးဖြတ်ခဲ့သော Barcelona Transaction အမှု၏ စီရင်ချက်အပိုဒ် ၃၃ တွင် Genocide Convention ကို အတိအလင်းဖော်ပြထားခြင်းမရှိတဲ့အတွက်ကြောင့် ယင်းအပိုဒ်အပေါ် အခြေခံထားတဲ့ မြန်မာနိုင်ငံ၏ လျှောက်ထားချက်ကို ပယ်ချနိုင်ဖို့ ကြိုးစားနေပါတယ်။

၂၄။ သို့သော်လည်း ယင်းအပိုဒ်သည် ဥပမာအနေဖြင့်သာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များအရ ယင်းတာဝန်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ကိုယ်ပိုင်အခွင့်အရေးနှင့် အကျိုးစီးပွားကို ချိုးဖောက်ခံရမှုမရှိဘဲ စာချုပ်ဝင်အခြားနိုင်ငံအားလုံးအတွက် တာဝန်ရှိခြင်း (erga omnes partes) ကို ချိုးဖောက်သည့် အမှုကိစ္စများတွင် အမှုစွဲဆိုနိုင်ခွင့်နှင့်စပ်လျဉ်းသော ယေဘုယျပြဿနာနှင့် သက်ဆိုင်နေပါတယ်။ တရားရုံးက ယင်းတာဝန်များ၏ ဝိသေသလက္ခဏာဖြစ်သည့် နိုင်ငံ၏ ကိုယ်ပိုင်အခွင့်အရေးနှင့် အကျိုးစီးပွားကို ချိုးဖောက်ခံရမှုမရှိဘဲ စာချုပ်ဝင်အခြားနိုင်ငံအားလုံးအတွက် တာဝန်ရှိခြင်း (erga omnes partes) သည် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော အကျိုးစီးပွား (Common Interest) ကို ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဆိုတာကို ဆုံးဖြတ်ခဲ့သော်လည်း အဆိုပါ စာချုပ်များက –

> "နိုင်ငံများအား နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေဘဲ လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ကာကွယ်စောင့်ရှောက်ရန် လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိပါ"ဟု ဆိုထားပါသည်။

၂၅။ ဒါကြောင့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် နိုင်ငံ၏ကိုယ်ပိုင်အခွင့်အရေးနှင့် အကျိုးစီးပွားကို ချိုးဖောက်ခံရမှုမရှိဘဲ စာချုပ်ဝင်အခြားနိုင်ငံအားလုံးအတွက်တာဝန်ရှိခြင်း (erga omnes partes) သည် နိုင်ငံသားအတွက် တောင်းဆိုနိုင်မှုစည်းမျဉ်းတွင် ဘာကြောင့် အသုံးပြုနိုင်သလဲဆိုတဲ့ မေးခွန်းကို မေးလာနိုင်ပါတယ်။ Genocide Convention အရ အဲ့ဒီတာဝန်ရှိမှုတွေဟာ တူညီသော သက်ဆိုင်မှုရှိတယ်လို့ မမှတ်ယူသင့်ပါဘူး။ ဒီပြဿနာနှင့်စပ်လျဉ်းလို့ ဂမ်ဘီယာနိုင်ငံက အဖြေတစ်စုံတစ်ရာ ပေးခဲ့ခြင်းမရှိပါဘူး။

၂၆။ Barcelona Transaction အမှုတွင် တရားရုံးက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များအရ အခြေအနေနှင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စုပေါင်းအကျိုးစီးပွားကို ကာကွယ်ဖို့ ချုပ်ဆိုထားသည့် အခြားသောစာချုပ်တစ်ခုဖြစ်သည့် ဥရောပလူ့အခွင့်အရေးဆိုင်ရာ စာချုပ်အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်ခဲ့ပါတယ်။ ဥရောပလူ့အခွင့်အရေးဆိုင်ရာစာချုပ် (European Convention) ၏ အပိုဒ် ၃၃ တွင် Convention ကို ချိုးဖောက်ကြောင်း စွပ်စွဲမှုများအတွက် စာချုပ်ဝင်နိုင်ငံအားလုံးသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (The European Court of Human Rights) သို့ လွှဲအပ်နိုင်သည့် အခွင့်အရေးကို အတိအလင်း အပ်နှင်းထားပါတယ်။ ဒါဟာ အမှုစွဲဆိုနိုင်ခွင့်ရှိကြောင်း အတိအလင်းခွင့်ပြုထားခြင်းမရှိဘူးဆိုတာ ပြသနေပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်သက်ဆိုင်သော အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တဲ့စာချုပ်တစ်ခုက မည်သည့်အမှုကိစ္စရပ်မှာမဆို အမှုစွဲဆိုပိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ရန် မလုံလောက်ဘူးဆိုတာကိုသာ ပြဆိုနေပါတယ်။

၂၇။ ဂမ်ဘီယာနိုင်ငံအနေဖြင့် "နိုင်ငံသားမဟုတ်သူများနှင့်ပတ်သက်သည့် တောင်းဆိုချက်သည် လျှောက်ထားသူ၏ တရားဝင်အကျိုးစီးပွား သို့မဟုတ် အမှုစွဲဆိုနိုင်ခွင့်အခြေအနေနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်စေနိုင်သည်" ဆိုသည့် Bosnian Genocide အမှု၏ အပိုဒ် ၁၈၅ ပါ တရားရုံး၏ဆုံးဖြတ်ချက်ပယ်ချဖို့ ကြိုးစားနေပါတယ်။ ဂမ်ဘီယာနိုင်ငံအတွက်တော့ အဆိုပါ စာပိုဒ်သည် တရားရုံးက ယင်းပြဿနာများကို ဆုံးဖြတ်ပေးခဲ့ခြင်းမရှိသဖြင့် သက်ဆိုင်မှု မရှိဘူးလို့ဆိုမှာပါ။ သို့သော် ဒါဟာ အရေးကြီးတဲ့အချက်တစ်ခုကို လွဲချော်သွားစေပါတယ်။ အကြောင်းခြင်းရာကတော့ Genocide Convention အဖွဲ့ဝင်နိုင်ငံများ၏ ဘုံအကျိုးစီးပွားသည် တရားစွဲဆိုခွင့်ဆိုင်ရာပြဿနာကို မဖြေရှင်းပေးကြောင်း တွေ့ရှိချက်ကို မေးခွန်းထုတ်ဖို့ လိုအပ်တယ်လို့ တရားရုံးက ယူဆခဲ့တာပဲဖြစ်ပါတယ်။

**အမှုစွဲဆိုနိုင်ခွင့်အခြေအနေအပေါ် ဂမ်ဘီယာနိုင်ငံ၏ ဆန်းသစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော တရားသူကြီးမင်းများခင်ဗျာ၊**

၂၈။ ဆက်လက်ပြီး အမှုစွဲဆိုနိုင်ခွင့်အခြေအနေအပေါ် ဂမ်ဘီယာနိုင်ငံ၏ ဆန်းသစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်ပြီး တင်ပြပါ့မယ်။ တရားရုံးကအမှုစွဲဆိုပိုင်ခွင့်အခြေအနေကို "အမှုမှာပါဝင်တဲ့နိုင်ငံများ၏ တောင်းဆိုသော အကြောင်းအရာနှင့်ပတ်သက်၍ တရားဝင်ရပိုင်ခွင့် သို့မဟုတ် တရားဝင်အကျိုးစီးပွား"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ယခု ဂမ်ဘီယာနိုင်ငံကတော့ တရားရုံးကို အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ် ပေးနေပါတယ်။ ယခုအမှုစွဲဆိုနိုင်ခွင့်အခြေအနေသည် အငြင်းပွားမှု၏ အဓိကအကြောင်းအရာနှင့်ပတ်သက်သော စည်းမျဉ်းတွေနှင့်စပ်လျဉ်း၍ လေးစားလိုက်နာရမည့် အကျိုးစီးပွားထက် မပိုရန်လိုအပ်ပါတယ်။

၂၉။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်အား လေ့လာဆန်းစစ်စရာတွေအများကြီး ဖြစ်ပေါ်စေပါတယ်။

၃၀။ ပထမအချက်အနေနဲ့ ဒါဟာ လိုသလိုဆွဲယူထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲ ဖြစ်ပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်၏ အင်္ဂါရပ်များသည် လက်ရှိအမှုနှင့်ကိုက်ညီပါတယ်ဆိုပြီး သက်သေပြနိုင်ရန် ရည်ရွယ်ပြီး ဖန်တီးထားသောအဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။

၃၁။ ဒုတိယအချက်အနေနဲ့ SS Wimbledon အမှုသည် အမှုစွဲဆိုနိုင်ခွင့် အခြေအနေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအသစ်သစ်သော ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် ဆိုးရွားသည့် တာထွက်မှုတစ်ခု ဖြစ်ပါတယ်။ အဆိုပါအမှုတွင် အမှုစွဲဆိုခွင့်နှင့်စပ်လျဉ်း၍ စာချုပ်ပါ ပြဋ္ဌာန်းချက်တချို့ကို ချိုးဖောက်မှုရှိလျှင် အကျိုးစီးပွားသက်ဆိုင်သောနိုင်ငံက အမြဲတမ်းအပြည်ပြည်ဆိုင်ရာတရားရုံး (Permanent Court of International Justice) ၌ အမှုစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသည့် ဗာဆိုင်းငြိမ်းချမ်းရေးစာချုပ်၏ အပိုဒ် ၃၈၆၊ စာပိုဒ် ၁ အပေါ် အခြေခံခဲ့တာ ဖြစ်ပါတယ်။ ဥရောပလူ့အခွင့်အရေးစာချုပ်၊ အပိုဒ် ၃၃ ကဲ့သို့ပင် အပိုဒ် ၃၈၆ သည် အမှုစွဲဆိုနိုင်ခွင့်အခြေအနေနှင့်ပတ်သက်ပြီး ထူးခြားသောအခွင့်အာဏာကို သတ်မှတ်ပြဋ္ဌာန်းပေးထားတာ ဖြစ်ပါတယ်။

၃၂။ တတိယအချက်အနေနဲ့ ဂမ်ဘီယာနိုင်ငံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်အတွက် တရားရုံး၏ ဥပဒေစနစ်မှာ မည်သည့်အထောက်အပံ့တစ်စုံတစ်ရာမျှမတွေ့ရတာဘဲ ဖြစ်ပါတယ်။ အမှန်တော့ တရားရုံးက အမှုစွဲဆိုနိုင်ခွင့်အခြေအနေ (Standing) နှင့် တရားဝင်အကျိုးစီးပွား (Legal Interest) ဆိုတဲ့ စကားရပ်တွေကို Bosnian Genocide အမှုမှာ ဖော်ပြခဲ့သလို အပြန်အလှန် သုံးစွဲနေပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် လေးစားအပ်ပါသော တရားသူကြီးမင်းများခင်ဗျာ၊**

၃၃။ ကနဦးကန့်ကွက်လွှာတတိယအချက်အပေါ် မိမိ၏တင်ပြချက်ကို ယေဘုယျ လေ့လာဆန်းစစ်ချက်တွေနဲ့ ထပ်မံနိဂုံးချုပ်ခွင့်ပြုပါ။

၃၄။ ဗုဒ္ဓဟူးနေ့က ဂမ်ဘီယာနိုင်ငံ၏ နိဂုံးချုပ်လျှောက်ထားချက်ကို နားထောင်ရသည့်အခါ ဂမ်ဘီယာနိုင်ငံမှ တခြားသောတွေ့ရှိချက်တွေက Genocide Convention ၏ တန်ဖိုးကို ဆိုးရွားစွာ ယုတ်လျော့စေနိုင်ခြင်းကြောင့် မြန်မာနိုင်ငံကို အမှုစွဲဆိုနိုင်ခွင့် အခြေအနေရှိသည်ဟု လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကျွန်တော့်အနေဖြင့် ဂျာမန်ကဗျာဆရာ Christian Morgenstern ၏ **မဖြစ်နိုင်သောအကြောင်းအရာ "The Impossible Fact"** ကဗျာထဲက "သူပြတ်ပြတ်သားသား ဆင်ခြေပေးဖို့အတွက် ဒါဟာ **မဖြစ်ရဘူး၊ မဖြစ်နိုင်ဘူး** လို့"( "For, he reasons pointedly / That which must not, cannot be." ) ဆိုတဲ့ စာကြောင်းလေးကို သွားပြီးသတိရမိပါတယ်။

၃၅။ သို့သော်လည်း ဒါဟာ တရားရုံးက ကိုးကားကျင့်သုံးဖို့ ဆင်ခြင်စဉ်းစားစရာနည်းလမ်းတော့ မဟုတ်ပါဘူး။ ထို့ကြောင့် မြန်မာနိုင်ငံမှ ဂမ်ဘီယာနိုင်ငံသည် လက်ရှိအမှုတွင် အမှုစွဲဆိုနိုင်ခွင့်မရှိသဖြင့် ဂမ်ဘီယာနိုင်ငံ၏ လျှောက်ထားချက်ကို လက်မခံဘဲ ပလပ်ရမည်ဖြစ်ကြောင်းကို အမှုစွဲဆိုခွင့်ပြုခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ တရားရုံးမှ ဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

၃၆။ စိတ်ပါဝင်စားစွာနားထောင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။

၃၇။ ဥက္ကဋ္ဌခင်ဗျာ၊ ဆက်လက်၍ ကနဦးကန့်ကွက်လွှာ တတိယအချက်ကို လျှောက်လဲဖို့အတွက် မြန်မာနိုင်ငံ၏ရှေ့နေ PROFESSOR Mr ROBERT KOLB ကို လျှောက်လဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

# ပညာရေးက ဒီမိုကရေစီ ကျောင်းထွက်များ မွေးထုတ်ပေးနိုင်ပါမှ

ဒေါက်တာမောင်သင်း

**"ဒီမိုကရေစီ ကျောင်းထွက်များသည် ဝါဒဖြန့်ခြင်းကို မျက်စိမှိတ်ပြီး ယုံကြည်မည့်သူ မဟုတ်ပေ။ အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်ပြီးမှသာလျှင် လက်ခံမည့် လူစားမျိုးဖြစ်ပေသည်။ ပြဿနာတစ်ရပ်ရပ်ကို ကြည့်လျှင်လည်း ဟိုဘက်၊ ဒီဘက် ခြုံ၍ကြည့်၏။ အဆိုး၊ အကောင်း နှိုင်းချိန်၏။ စဉ်းစားဝေဖန်၏။ ပြီးမှ ဆုံးဖြတ်ချက်ချ၏။ အများ မိုးခါးရေသောက်၍ လိုက်ပြီး သောက်လိုသူ မဟုတ်ပေ။ ပင်ကိုဉာဏ်ကို တကယ်အသုံးပြု၏။"**

ဦးသန့် (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း)

**"ဒီမိုကရေစီစနစ်ကို မလိုက်နာသော (ဒီမိုကရေစီ မသင်ပေးသော) ကျောင်းများတွင်မူကား ကျောင်းသား ကျောင်းသူများ (ဒီမိုကရေစီကျောင်းထွက် မဟုတ်သူ) သည် အထက်ပါ အရည်အချင်းများမရှိဘဲ ကြောက်ရွံ့ခြင်း၊ အထက်မှ ခိုင်းသည်ကိုသာ လုပ်တတ်ခြင်း၊ မိမိတို့၏ ပင်ကိုဉာဏ်ကို အသုံးမပြုတတ်ခြင်း စသည်တို့ကို တွေ့နိုင်ပေသည်" တဲ့။ ဦးသန့်၏ အထက်ပါ ဖော်ပြချက်သည် ယနေ့ ကမ္ဘာ့ပညာရေးရဲ့ ဦးတည်ချက်ဖြစ်သော "တန်ဖိုးမြင့် စွမ်းရည်ပြည့် လူသားမွေးထုတ်ခြင်း" နှင့် ကိုက်ညီဆဲပါပဲ။ နှစ်ပေါင်း ၇၀ ခန့်စောပြီး မြင်ခဲ့သည့် အမျိုးသား ကျောင်းအုပ်ဆရာကြီးဟောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လောင်း၏ အမြင်ပါ"**

"ဒီမိုကရေစီ ကျောင်းထွက်" ဟူသည့် ဝေါဟာရနှင့် ယင်းကျောင်းထွက်များ၏ အရည်အချင်းများကို မြန်မာသားကောင်းအဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေးကို နောင်တွင်ထမ်းဆောင်လာမည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အလောင်းအလျာ ဦးသန့်က မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (ယနေ့ စာပေဗိမာန်အသင်း) ၏ အကျိုးဆောင်အတွင်းရေးမှူးအဖြစ် တာဝန်ယူစဉ် ၁၉၅၂ ခုနှစ်တွင် လူထုအိတ်ဆောင်စာအုပ်ငယ်အဖြစ် ထုတ်ဝေခဲ့သည့် "ကျောင်းတွင်း ဒီမိုကရေစီ" စာအုပ်တွင် စတင်သုံးစွဲခဲ့ပါသည်။

စစ်ပြီးခေတ် ၁၉၄၇ ခုနှစ်၌ အင်္ဂလန်ရှိ "စာသင်ကျောင်းများတွင် ဒီမိုကရေစီကို မည်သို့ လိုက်နာကျင့်သုံးပြီး လက်တွေ့မည်သို့ကျင့်သုံးနိုင်ကြောင်း အစီရင်ခံစာ" ကို ဆီလျော်အောင် ဦးသန့်သည် သူ့အမြင်ဖြင့် အကျဉ်းချုပ်ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ ယင်းအစီရင်ခံစာသည် တစ်ကမ္ဘာလုံးရှိပညာရေးလောကအပေါ် ဩဇာလွှမ်းမိုးခဲ့ပါသည်။ မြန်မာ့ပညာရေးလောကတွင်လည်း "ဆရာကိုင်အဖြစ် ပြဋ္ဌာန်း" ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်က အစီရင်ခံစာဟုဆိုသော်လည်း အခြေခံကျောင်းများတွင် ကျင့်သုံးနိုင်သည့် ဒီမိုကရေစီကျင့်စဉ်နှင့် အကျိုးရလဒ်များသည် ယနေ့ထိ ခေတ်မီနေဆဲဖြစ်ပါသည်။ သို့ဖြစ်၍ ဦးသန့်၏ မြန်မာ့ကျောင်းများက ဒီမိုကရေစီကျောင်းထွက်များ ပေါ်ထွန်းလာအောင် လေ့ကျင့်ပေးခြင်းဖြင့် ရရှိလာမည့် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်း အခြေအနေကို ယခုဆောင်းပါးတွင် ဆွေးနွေးတင်ပြသွားပါမည်။

### ဆရာ တပည့် လက်တွဲညီပါမှ ကျောင်းတွင်းဒီမိုကရေစီ အောင်မြင်မည်

တကယ်တော့ ဒီမိုကရေစီသည် ဖတ်စာအုပ်ထဲက စာသင်ပေးသလို သင်ပေးရုံသက်သက် မရပေ။ ဒီမိုကရေစီသည် သဘောတရားသက်သက် မဟုတ်ပေ။ အကျင့်တရား ဖြစ်သည်။ အကျင့်တရားဟု ဆိုသော်လည်း တစ်ခါတစ်ရံ ကျင့်သုံးရန် မဟုတ်ပေ။ လူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင် အသုံးချနေရန် ဖြစ်ပေသည်။ အသုံးချရာတွင်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တန်ဖိုးကို အသိအမှတ်ပြုရသည်။ လူပုဂ္ဂိုလ်၏ လွတ်လပ်မှုကိုလည်း အလေးထားရသည်။ သို့ဖြစ်၍ အစိုးရသည် "ဒီမိုကရေစီ" ကို ကျင့်သုံးရန် ပြည်သူများကို ကြွေးကြော်စေရုံ၊ အမိန့်ထုတ်ရုံ၊ ဥပဒေပြဋ္ဌာန်းရုံဖြင့် မရပေ။ ထို့အတူ ဆရာက တပည့်ကို ဒီမိုကရေစီ၏ သဘောကို ဒီလိုဟု လက်ချာပေးနေရုံဖြင့်လည်း မရရှိနိုင်ပေ။ အစိုးရကလည်း ကိုယ်တိုင်နားလည်၊ ကိုယ်တိုင် လက်တွေ့ကျင့်သုံးပြပါမှ ပြည်သူက လိုက်၍ အတုယူကျင့်သုံးမည်။ ထို့အတူ ဆရာများကလည်း စံနမူနာပြ ကျင့်သုံးပြရမည်။ အတုမြင် အတတ်သင်စေသည့်နည်းဖြင့် တပည့်များကိုလည်း လိုက်၍ ကျင့်သုံးစေရမည်။ ဆရာတပည့် လက်တွဲညီညီ ကျင့်သုံးခြင်းဖြင့် "ကျောင်းတွင်းဒီမိုကရေစီ ယဉ်ကျေးမှု" ထွန်းတောက်နေရမည်။ ဤသို့ဖြင့် **"ကျောင်းတွင်း ဒီမိုကရေစီ ဝါရင့်ဆရာများ"** ဖြစ်လာပြီး ယင်းဆရာများက ထွန်းတောက်သည့် "ဒီမိုကရေစီကျောင်းထွက်များ" ပေါ်ထွန်းလာစေရန် လေ့ကျင့်ပေးနိုင်ပေလိမ့်မည်။ ထိုဒီမိုကရေစီ ကျောင်းထွက်များက သူတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီ၏ "အနှစ်သာရ" နှင့် "စံများ" ပြန့်ပွားအောင် ဆက်လက်ကျင့်ကြံအားထုတ်နေပေလိမ့်မည်။

ဆရာသည် ခေါင်းဆောင်လောင်းများ၏ "ခေါင်းကိုင် ဖခင်" (Godfather) ပင် ဖြစ်ပါသည်။ ကျောင်းသားများ၏ စံပြပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် ကလေးများက "ဆရာ (သို့မဟုတ်) ဆရာမများက ဒီလိုပြောလို့၊ ဒီလိုလုပ်ခဲ့ပါပြောလို့" ဟူသည့် စကားများသည် ဆရာ/ ဆရာမများအပေါ် ကလေးများ၏ လေးစားမှုကို ပြဆိုခြင်းဖြစ်ပါသည်။ ဦးသန့်ကလည်း ဆရာသည် "ပွင့်လင်းမြင်သာသူ"၊ "အပြန်အလှန် လေးစားယုံကြည်ထိုက်သူ"၊ "တပည့်များ၏ ရိုသေချစ်ကြောက်မှုကို ခံယူနိုင်စွမ်းရှိသူ"၊ "တပည့်တွေရဲ့ အခက်အခဲများကို ဖြေရှင်းပေးနိုင်သူ"၊ "အာဏာရှင်ဝါဒကင်းသူ" စသည့်ဂုဏ်အင်္ဂါနှင့်ပြည့်စုံပါမှ ကျောင်းတွင်းဒီမိုကရေစီ ထွန်းကားရေး အောင်မြင်မည်လို့ ဆိုထားပါသည်။ ပြီးတော့ ကျောင်းကောင်စီ (သို့မဟုတ်) ကျောင်းလွှတ်တော်ဖွဲ့စည်းပြီး ကျောင်းတွင်းဒီမိုကရေစီကို အကောင်အထည်ဖော်ရပါမယ်လို့ မီးမောင်းထိုးပြခဲ့ပါသည်။

### ယနေ့ မြန်မာ့ကျောင်းများ၏ ကျောင်းကောင်စီ

ကျွန်တော်တို့ ငယ်ငယ်တုန်းက ပါဝင်ခွင့်ရတဲ့ ကျောင်းကောင်စီ၏ သီချင်းစာပိုဒ်အချို့ရဲ့ အနှစ်သာရကို ယနေ့တိုင် ရင်ထဲမှာ စွဲမြဲနေပါသေးတယ်။

"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်"

"မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်"

"မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်"

"မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်"

"ကတိလေးချက်ကို မူတည် ဖွဲ့စည်းခဲ့တဲ့ ကျောင်းကောင်စီ ....... အသင်း လေးသင်း ရှိပါသည်။ ကျန်စစ်သားနှင့် ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလတဲ့အမည်" (ယနေ့တော့ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းမြတ်ကို အသင်းတစ်သင်းအဖြစ် ထပ်ဖြည့်ထားပါတယ်) ..... ဟု ဆိုတာပါ။

ကျောင်းကောင်စီဖွဲ့စည်းရသည့် အဓိကအချက်ကတော့ "ကျောင်းသားတစ်ဦးချင်းကို လူကောင်းတစ်ယောက်မှာ ရှိသင့်ရှိအပ်သည့် "ဒီမိုကရေစီကျင့်စဉ်" အထုံပါသွားအောင် အရင်လေ့ကျင့်ခြင်း ဖြစ်ပါသည်။ လူတစ်ဦးချင်း အရင်ကောင်းမှ ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆိုတာ ရှင်သန်မှာပါ။ မိမိကိုယ်တိုင် ကောင်းရုံနှင့်လည်း မပြီးသေးပါ။ အနီးစပ်ဆုံး မိမိအသိုင်းအဝိုင်းဖြစ်သည့် အတန်းဖော်များ၊ သူငယ်ချင်းများကို ကောင်းအောင် ကြိုးပမ်းပေးရန်လည်း တာဝန်ရှိပါသည်။ ပြီးတော့ တစ်ကျောင်းလုံးမှ မိမိနှင့် အတန်းတူ အတန်းခွဲများ၊ ကိုယ့်အထက်အတန်းမှာ ပညာသင်နေကြသည့် အစ်ကို၊ အစ်မများ၊ ထို့အပြင် မိမိ၏ အောက်အတန်းမှ ညီငယ်၊ ညီမငယ်များနှင့် ညီညီညွတ်ညွတ်စုပေါင်းပြီး "မိမိကျောင်းကို ကောင်းအောင်" ဆောင်ရွက်ပေးနိုင်စွမ်း ရှိရပါမည်။ မိမိကိုယ်မိမိ တာဝန်ယူနိုင်စွမ်းနှင့် အသွင်မတူသူ၊ ဘဝနောက်ခံမတူသူများနှင့် ညီညွတ်စွာ "ဘုံရည်မှန်းချက်" ဖြစ်သည့် ကိုယ့်ကျောင်း ဂုဏ်မြင့်အောင် အကောင်အထည်ဖော်နိုင်ခြင်းသည် "ဒီမိုကရေစီ၏ အနှစ်သာရ" ဆိုတာ ငယ်ငယ်ကတည်းက ကျွန်တော်တို့ကျောင်းတွေမှာ လေ့ကျင့်ခဲ့တာပါ။

မိမိ၏ကျောင်း၊ ရပ်ရွာကို ချစ်တတ်မှ နိုင်ငံကိုချစ်တတ်၊ မြတ်နိုးတတ်သည့်စိတ် ရှိတာပါ။ နိုင်ငံကိုချစ်မှ နိုင်ငံကို မြှင့်တင်လိုစိတ်ရှိပြီး မြှင့်တင်ကြတာပါ။ နိုင်ငံကို မြှင့်တင်ချင်လျှင် ကလေးများ ကျောင်းကို ချစ်တတ်အောင် ပညာရေးက အရင်လေ့ကျင့်ပေးရပါလိမ့်မည်။ ပြီးတော့ အသင်းနာမည်ကိုယ်တိုင်က မြန်မာသမိုင်းမှာ စံနမူနာယူလောက်သည့် "အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလ" တို့ပါ။ ကိုယ်ပါဝင်ရသည့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ လေးစားကြည်ညိုလောက်သည့် ဂုဏ်ယူစရာစိတ်ထားများကိုလည်း ကျွန်တော်တို့ အားကျခဲ့ကြပါသည်။ အဲဒီကမှ သူတို့လို နိုင်ငံနှင့် လူမျိုးကို မြှင့်တင်လိုစိတ်တွေ ရခဲ့ပါသည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောင်းကောင်စီအသင်းဝင်ပြီး ယုံကြည်စွာ ပါဝင်လှုပ်ရှားခဲ့မှု၏ ကောင်းကျိုးတွေပါ။

### ကျောင်းသားများ၏ တာဝန်သိစိတ်ကို မြှင့်တင်နိုင်ခြင်း

ဦးသန့်၏ စာအုပ်တွင် "ကျောင်းသားကိုယ်စားလှယ်၊ ဆရာကိုယ်စားလှယ်၊ အတန်းပိုင်ဆရာများစုပေါင်း၍ ကျောင်းကောင်စီ (ဝါ) ကျောင်းလွှတ်တော်ဟု ခေါ်သည်။ ကျောင်းကောင်စီသည် ကျောင်းတွင်းစည်းကမ်းသေသပ်မှုနှင့် ပတ်သက်သောပြဿနာများ၊ ကျောင်းတွင်း၊ အတန်းတွင်း စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ ကစားခုန်စားပွဲများ ကျင်းပရေး၊ ကျောင်းတွင် ခဲတံ၊ စာအုပ် စသည်တို့ ပျောက်ဆုံးခြင်းပြဿနာများကို စဉ်းစားဆွေးနွေးကြရသည်" ဟု ဖော်ပြထားသည်။ ကျောင်းတွင်း ပညာ့လူ့အဖွဲ့အစည်း၏ သာယာပျော်ရွှင် ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများတွင်သာ တာဝန်ရှိသည်မဟုတ်။ မိမိတို့ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်လည်း တာဝန်သိ၊ တာဝန်ယူတတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မှသာ မိမိတို့ကျောင်းကို ပိုမိုမြှင့်တင်နိုင်ကြမှာပါ။ ကိုယ်စီ၊ ကိုယ်ငှ တာဝန်သိပြီး တာဝန်ယူမှု အမြဲရှိကာ ပူးပေါင်းဆောင်ရွက်တတ်ခြင်းသည် ရှင်သန်တဲ့ ဒီမိုကရေစီဘဝ အစပါလို့ ရည်ညွှန်းပြဆိုထားပါသည်။

### ကျောင်းတွင်းဒီမိုကရေစီ အောင်မြင်စေရန်

ထို့အပြင် ကျောင်းတွင်း ဒီမိုကရေစီအသွင်အပြင်၏ သတိထားရမည့်အချက်အနေဖြင့် "ကျောင်းကောင်စီများသည် ဒီမိုကရေစီစနစ်ကို လက်တွေ့သင်ကြားရာတွင် စည်းစနစ်ကျစွာ သဘောတရားများအတိုင်း ကိုယ်ထိလက်ရောက်ကျင့်သုံးကြရန် အရေးကြီး၏။ လေးလေးနက်နက် သဘောမထားဘဲ ပေါ့ပျက်ပျက် စည်းဝေးပြောဆိုခြင်း

*စာမျက်နှာ ၉ သို့*

**❒ ဦးသန့်၏ ယုံကြည်ချက်ကို ယနေ့ ကျွန်တော်တို့၏ မြန်မာ့ပညာရေး စီမံခန့်ခွဲသူများက ထိပ်ဆုံးမှနေပြီး မဖြစ်မနေ လက်ခံရပါလိမ့်မည်။ ကျင့်သုံးနိုင်ရပါမည်။ ပြီးတော့ ဆရာ၊ ဆရာမတွေကလည်း ယုံကြည်စွာဖြင့် အကောင်အထည်ဖော်ရပါလိမ့်မည်။ ထိုယုံကြည်ချက်သည် သူ့စာအုပ်ထွက်သည့် အချိန်နှင့်စာလျှင် နှစ် ၇၀ လောက် နောက်ကျနေပါသည်။ သို့သော် နိုင်ငံတော်နှင့် မျိုးဆက်သစ်တွေအတွက်တော့ နောက်မကျသေးပါ။ နိုင်ငံတော်၏ ပညာရေး အပါအဝင် ဘက်စုံပြုပြင်ပြောင်းလဲရေးနှင့် မြန်မာ့ဒီမိုကရေစီသမိုင်း တစ်ကျော့ပြန်လည်စတင်သည့် အချိန်အခါနှင့် ကြုံခိုက်၊ ဆုံခိုက်ဖြစ်နေတာမို့ပါ။ ဒါကြောင့် ယနေ့သည် ကျွန်တော်တို့ မြန်မာကျောင်းများတွင် "ဒီမိုကရေစီ မျိုးစေ့" အမြန်ဆုံးချပြီး အနာဂတ် မြန်မာ့ဒီမိုကရေစီ လူမှုအဖွဲ့အစည်းကို အောင်အောင်မြင်မြင် တည်ဆောက်ကြမည့် "ဒီမိုကရေစီ ကျောင်းထွက်တွေ" များများမွေးထုတ်ပေးရမည့် အချိန်ကောင်း၊ အခါကောင်းပါ**

*စာမျက်နှာ ၈ မှ*

မဖြစ်စေရ။ ထိုသို့ဖြစ်လာလျှင် ကျောင်းတွင်း ဒီမိုကရေစီ မအောင်မြင်သည်သာမက ဒီမိုကရေစီဝါဒ၏ သဘောတရားများသည်လည်း ကျောင်းသားတို့၏ စိတ်တွင် စွဲစွဲမြဲမြဲ ကျန်ရစ်တော့မည် မဟုတ်ပေ" ဟု ဖော်ပြကာ ဦးဆောင် အကောင်အထည်ဖော်ကြမည့် ဆရာများနှင့် ကျောင်းသားများအား ဦးသန့်က အလေးအနက် သတိပေးခဲ့ပါသည်။

ကျောင်းတွင်း ဒီမိုကရေစီတွင် အလေးထားလိုက်နာရမည့် အချက်ကိုလည်း ဦးသန့်က ဖော်ညွှန်းခဲ့ပါသည်။ ၎င်းမှာ "ကျောင်းကောင်စီများက ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကိုလည်း စိတ်ရောကိုယ်ပါ လိုက်နာကြရန် အထူးအရေးကြီးပေသည်။ ကျောင်းကောင်စီများ၏ ဆုံးဖြတ်ချက်ဆိုသည်မှာ ဒီမိုကရေစီနည်းအရ ဆောင်ရွက်ချက်များ ဖြစ်သဖြင့် ကျောင်းလောကအားလုံးနှင့် သက်ဆိုင်ပေသည်။ အချို့သော ဆုံးဖြတ်ချက်များကို သဘောမတူသော ကျောင်းသားများ ရှိကောင်းရှိမည်ဖြစ်သော်လည်း ဒီမိုကရေစီအလေ့အကျင့်ဖြစ်စေရန် သဘောမတူသူများကလည်း ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည်သာတည်း။ ဤကဲ့သို့ ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာအောင် ဖန်တီးရေးသည်ပင် ကျောင်းတွင်း ဒီမိုကရေစီ၏ ရည်ရွယ်ချက်ကြီး တစ်ခု ဖြစ်ပေသည်" ဆိုတာပါပဲ။ ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရမှာ "အများဆန္ဒကို အကောင်အထည်ဖော်၊ အနည်းစု၏ သဘောထားကို လေးစားတန်ဖိုးထားသည့် သဘောပါ"။ ၎င်းကို ကျောင်းကောင်စီ ဘဝကတည်းက လိုက်နာကျင့်သုံးပါမှ "ကျောင်းတွင်း ဒီမိုကရေစီ ဘဝရှင်သန် အောင်မြင်မှာ" ဟု ပြဆိုခဲ့တာ ဖြစ်ပါသည်။

**ဒီမိုကရေစီကျောင်းထွက်များ၏ အရည်အသွေးများ**

ဦးသန့်၏ စာအုပ်တွင် ကျောင်းတွင်းဒီမိုကရေစီ ကျင့်သုံးမှု၏ နောက်ဆုံးရလဒ်အနေဖြင့် ကျောင်းတွင်းဒီမိုကရေစီကို သင်သော ကျောင်းမျိုးမှာမူ အခြားစနစ်နှင့်သင်သော ကျောင်းမျိုးထက်သာသော အချက်များမှာ အခြားမဟုတ် "စိတ်ထားမြင့်မြတ်၍ သတ္တိရှိသောသူများကို မွေးထုတ်နိုင်ပေသည်"။ ထို့အပြင် ဒီမိုကရေစီ အလေ့အကျင့်ရသော ကျောင်းသား ကျောင်းသူများသည် ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် အရည်အသွေးများအပြင် မိမိအစွမ်းကို ကောင်းစွာ ယုံကြည်၏။ အလုပ်ကိစ္စကို ဆောင်ရွက်ရလျှင် အောင်မြင်မည်ဟု စိတ်ချသူဖြစ်၏။ မိမိ၏ဆန္ဒကို ထုတ်ဖော်ရန် နောက်တွန့်ခြင်းမရှိ၊ စာမတော်စေကာမူ မိမိ၏ထူးချွန်မှု (စကားပြောကောင်းခြင်း၊ အားကစား ထူးချွန်ခြင်း၊ ရပ်ရွာအကျိုးနှင့် ပရဟိတလုပ်ငန်းများကို အပင်ပန်းခံ သယ်ပိုးလိုခြင်း) ကို ဂုဏ်ယူကြ၏။

ထို့ကြောင့် ကျောင်းတွင်းဒီမိုကရေစီ သင်ယူလေ့ကျင့်မှုကို ခံယူခဲ့ရသူများကို **"ဒီမိုကရေစီ ကျောင်းထွက်"** ဟု ဦးသန့်က သုံးနှုန်း၏။ ဒီမိုကရေစီ ကျောင်းထွက်များတွင် လူ့တန်ဖိုးအစစ်အမှန်ဖြစ်သော စိတ်ထားမြင့်မြတ်မှု၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် စဉ်းစားဝေဖန် ပိုင်းခြားနိုင်မှု စွမ်းအားတွေကိုပါ မြင့်တက်လာစေပါသည်။ ထို့အပြင် တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ် ပြင်းထန်၏။ ကျောင်းနေစဉ် အတွင်းမှာပင် "ဒါတို့ကျောင်း"၊ "ဒါတို့မြင့်မှ မြင့်မည့်ကျောင်း" ဟူသော မိမိအသိုင်းအဝိုင်း တိုးတက်ရေးကို တာဝန်ယူဆောင်ရွက်လိုသော စိတ်ကို မြင့်မားစေသည်။ ယနေ့ မြန်မာ့ကျောင်းကောင်စီ၏ ကတိသစ္စာအတိုင်းပင် ဖြစ်ပေသည်။ ထိုတာဝန်သိစိတ် အထုံပါရမီသည် တစ်စတစ်စ မြင့်တက်လာပြီး နောက်ဆုံးတွင် နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးနိုင်စွမ်းအဆင့်ထိ ရောက်လာပေသည်။ ယနေ့ ကျွန်တော်တို့ အသိုင်းအဝိုင်းက အလေးပေးအထင်ကြီးနေတဲ့ ကျောင်းစာ အမှတ်များအောင် စွမ်းဆောင်နိုင်သူကို လူတော်ဟု ထင်နေကြသူတွေ ဘယ်လိုမှ လိုက်မမီ၊ လိုက်ပြီး ယှဉ်နိုင်စွမ်းမရှိတဲ့ **"စာမေးပွဲရမှတ်လွန် လူ့တန်ဖိုး"** ဆိုတာကို ကျွန်တော်တို့တစ်တွေ အထူးသတိပြုဖို့ လိုပါပြီ။

**အောင်မြင်သည့် ဒီမိုကရေစီ ကျောင်းဆိုတာ**

ကျောင်းတွင်း ဒီမိုကရေစီ အောင်မြင်သည် မအောင်မြင်သည် ဟူသောအချက်ကို အကဲခတ်ရန် မခဲယဉ်းလှပေ။ ဒီမိုကရေစီစနစ်ကို လိုက်နာသော ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများသည် ရဲရင့်ခြင်း၊ ယဉ်ကျေးခြင်း၊ မိမိတို့ပြောလိုသော အချက်အလက်ကို မဆုတ်မတွန့်ပြောဆိုတတ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်လိုခြင်း၊ ပြည်သူ့တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများကို ကောင်းစွာသိခြင်း စသည့်အရည်အချင်းများကို တွေ့နိုင်ပေသည်။

"ဒီမိုကရေစီစနစ်ကို မလိုက်နာသော (ဒီမိုကရေစီ မသင်ပေးသော) ကျောင်းများတွင်မူကား ကျောင်းသား ကျောင်းသူများ (ဒီမိုကရေစီ ကျောင်းထွက် မဟုတ်သူ) သည် အထက်ပါ အရည်အချင်းများမရှိဘဲ ကြောက်ရွံ့ခြင်း၊ အထက်မှ ခိုင်းသည်ကိုသာ လုပ်တတ်ခြင်း၊ မိမိတို့၏ ပင်ကိုဉာဏ်ကို အသုံးမပြုတတ်ခြင်း စသည်တို့ကို တွေ့နိုင်ပေသည်" တဲ့။ ဦးသန့်၏ အထက်ပါဖော်ပြချက်သည် ယနေ့ ကမ္ဘာ့ပညာရေးရဲ့ ဦးတည်ချက်ဖြစ်သော "တန်ဖိုးမြင့် စွမ်းရည်ပြည့် လူသားမွေးထုတ်ခြင်း" နှင့် ကိုက်ညီဆဲပါပဲ။ နှစ်ပေါင်း ၇၀ ခန့် စောပြီး မြင်ခဲ့သည့် အမျိုးသားကျောင်းအုပ်ဆရာကြီးဟောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လောင်း၏ အမြင်ပါ။

စွမ်းရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များတွင် ထိပ်ဆုံးက ရှိရမည့် အရည်အသွေးမှာ "ပင်ကိုဉာဏ်ဖြင့် ဦးဆောင်နိုင်သည့် စွမ်းရည်မြင့်မားမှု" (Initiative Power) ပါပဲ။ ထိုစိတ်ထားသည် အကြီးအကဲက ခိုင်းမှသာလုပ်တတ်သည့် အခိုင်းခံစိတ်ထား(ကျွန်စိတ်)၏ ဆန့်ကျင်ဘက်ပါ။ အဲဒီ စွမ်းရည်ဟာ ဒီမိုကရေစီ ကျောင်းထွက်များတွင် ပါလာပြီးသားဖြစ်ပါသည်။ ခိုင်းမှလုပ်တတ်သည့် စိတ်ဓာတ်သည် မြန်မာတို့၏ "ပြောမှသိ၊ ထိမှနာ၊ သာမှနေ၊ သေမှခင် ဤလေးအင်၊ လူတွင် မကျင့်ရာ" ထဲမှာ ပါပြီးသားမို့ ဒီမိုကရေစီကို အလေးထားပြီး လေ့ကျင့်ပေးတဲ့ ကျောင်းထွက်တွေဆီမှာ အဆိုပါ အညံ့စိတ်ထား ကင်းစင်အောင် လေ့ကျင့်ပြီးသားပါ။ ကျွန်တော်တို့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှာ ပါဝင်ကြမည့် လူသားတိုင်းမှာရှိရမည့် အရည်အသွေးပါ။

**နိုင်ငံ့ဒီမိုကရေစီ အုတ်မြစ်အစ ကျောင်းတွင်းက**

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိစာသင်ကျောင်းများတွင် ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမည်လော၊ သို့တည်းမဟုတ် ဒီမိုကရေစီစနစ်ကိုပယ်၍ သြဇာအာဏာနှင့် အုပ်ချုပ်ကြမည်လော ဟူသော အဖြေနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားရန်မလိုဟု ကျွန်ုပ်တို့ ယုံကြည်၏။ ကျွန်ုပ်တို့ ကျောင်းတိုင်းသည် ဒီမိုကရေစီဝါဒကို လက်တွေ့ကျင့်သုံးသော ကျောင်းများသာဖြစ်ရန် ကျွန်ုပ်တို့လိုလားပေသည်။ သို့မှသာ ကျွန်ုပ်တို့၏ ကျောင်းသား ကျောင်းသူများသည် ဒီမိုကရေစီနိုင်ငံ တည်ထောင်ရေးတွင် အကျိုးရှိစွာ ပါဝင်ဆောင်ရွက်နိုင်ကြရန် အခြေခံရှိပြီး ဖြစ်ပေလိမ့်မည်။ "ကျောင်းတွင်း ဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ကြီးသာလျှင် ဖြစ်၏" ဟု ဦးသန့်က သူ၏ စူးရှသည့်အမြင်နှင့် ခိုင်မာသည့်ယုံကြည်ချက်ကို အလေးထား ဖော်ပြရင်း စာအုပ်ကို နိဂုံးချုပ်ထားပါသည်။

ထိုအချိန်က သူ့ယုံကြည်ချက်ကို ပညာရေးဌာနက လက်ခံကျင့်သုံးခဲ့ပါသည်။ ဒီမိုကရေစီဘဝ ကျောင်းတွေမှာ အကောင်အထည်ဖော်နိုင်ရန် "ဆရာကိုင်" စာအုပ်အဖြစ် ကျောင်းများကို ဖြန့်ဝေခဲ့ပါသည်။ ယနေ့အခြေအနေမှာတော့ "ဆရာကိုင်" ဆို တာမျိုးဖြင့် မလုံလောက်တော့ပါ။ ခေတ်နှင့်လျော်ညီအောင်ပြုပြင်ပြီး "ဆရာ့ ဒီမိုကရေစီ ကျင့်စဉ်" စာအုပ်အဖြစ် ထုတ်ဝေသင့်ပါသည်။ "ဆရာကိုင်" ဟု ဆိုလိုက်လျှင် တပည့်ကို သင်ပေးရန်ဟု အစဉ်အလာအားဖြင့် လက်ခံခဲ့ပါသည်။ တကယ်တော့ ဆရာများကိုယ်တိုင် **"စံပြ ဒီမိုကရေစီ ဘက်တော်သား"** အဖြစ် လိုက်နာကျင့်သုံးပြရပါမည်။ သို့မှသာ ဆရာကို တပည့်များက အတုယူကာ လိုက်နာကျင့်ကြံကြပါလိမ့်မည်။

ဦးသန့်၏ယုံကြည်ချက်ကို ယနေ့ ကျွန်တော်တို့၏မြန်မာ့ပညာရေး စီမံခန့်ခွဲသူများက ထိပ်ဆုံးမှနေပြီး မဖြစ်မနေ လက်ခံရပါလိမ့်မည်။ ကျင့်သုံးနိုင်ရပါမည်။ ပြီးတော့ ဆရာ၊ ဆရာမတွေကလည်း ယုံကြည်စွာဖြင့် အကောင်အထည်ဖော်ရပါလိမ့်မည်။ ထိုယုံကြည်ချက်သည် သူ့စာအုပ်ထွက်သည့် အချိန်နှင့်စာလျှင် နှစ် ၇၀ လောက် နောက်ကျနေပါသည်။ သို့သော် နိုင်ငံတော်နှင့် မျိုးဆက်သစ်တွေအတွက်တော့ နောက်မကျသေးပါ။ နိုင်ငံတော်၏ ပညာရေးအပါအဝင် ဘက်စုံပြုပြင်ပြောင်းလဲရေးနှင့် မြန်မာ့ဒီမိုကရေစီသမိုင်း တစ်ကျော့ပြန်လည်စတင်သည့် အချိန်အခါနှင့် ကြုံခိုက်၊ ဆုံခိုက်ဖြစ်နေတာမို့ပါ။ ဒါကြောင့် ယနေ့သည် ကျွန်တော်တို့ မြန်မာကျောင်းများတွင် "ဒီမိုကရေစီ မျိုးစေ့" အမြန်ဆုံးချပြီး အနာဂတ် မြန်မာ့ဒီမိုကရေစီလူမှုအဖွဲ့အစည်းကို အောင်အောင်မြင်မြင် တည်ဆောက်ကြမည့် "ဒီမိုကရေစီ ကျောင်းထွက်တွေ" များများ မွေးထုတ်ပေးရမည့် အချိန်ကောင်း၊ အခါကောင်းပါ။

**ဒီမိုကရေစီ ကျောင်းထွက်များဖြစ်ကြသည့် အစိုးရနှင့် ပြည်သူ**

စာရေးသူ ပညာသင်ကြားခဲ့သည့် ဂျာမနီတွင် တပ်မတော်မကောင်းကြောင်း၊ တပ်မတော်အား အပုပ်ချ၊ သွေးခွဲသည့်အကြောင်း ပြော၊ ရေးကြတာ မကြားမိပေ။ ဂျာမနီတွင် အရွယ်ရောက်ပြီးသည့် အမျိုးသားတိုင်း စစ်မှုမထမ်းမနေရဥပဒေရှိသဖြင့် ကျန်းမာသူတိုင်း တပ်မတော်တွင် နှစ်နှစ် အမှုထမ်းရသည်။ ပြီးမှ တက္ကသိုလ် လာတက်ကြသည်။ အားလုံးစစ်သား (သို့မဟုတ်) စစ်ထွက်မိသားစုများဖြစ်၍ တပ်မတော်အကြောင်း သိသည်။ နားလည်သည်။ တပ်မတော်သားများအပေါ် စာနာတတ်သောကြောင့် ဖြစ်ပါသည်။ ထို့အတူ အမေရိကန်နှင့် ကိုရီးယားတို့တွင်လည်း စစ်မှုထမ်းဥပဒေရှိသဖြင့် အားလုံးသည် တပ်ထွက်မိသားစုဝင်များဖြစ်ကြကာ အပြန်အလှန် စာနာကြ၊ နားလည်ကြကြောင်း လေ့လာသိရှိရပါသည်။ ဖဆပလခေတ်၌ ဦးနု အိမ်ရှေ့တွင် ဦးနုအမည်တပ်ထားသည့်အခေါင်းကို ကျောင်းသားများ မီးရှို့ပြပြီး ဆန္ဒပြနေသည်ကို အိမ်လုံခြုံရေးဆောင်ရွက်နေသူများက ရဲကို အကြောင်းကြားမည်ဟု သတင်းပို့ရာ "မလုပ်ပါနဲ့ကွာ၊ တက္ကသိုလ်ကျောင်းသားတွေပါ၊ သူတို့ ဘာဆန္ဒရှိသလဲဆိုတာသာ မှတ်ထားလိုက်ပါကွာ" ဟု ဆိုခဲ့သည်ကို မှတ်သားဖူးပါသည်။

ဦးနုသည် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လုပ်ခဲ့ဖူး၍ တက္ကသိုလ်ကျောင်းသားများအကြောင်း နားလည်သည်။ သူကိုယ်တိုင်လည်း ကျောင်းသားဘဝက ထိုသို့ဆန္ဒပြခဲ့သည်။ ဘဝတူတွေမို့ အပြန်အလှန် စာနာကြ၊ နားလည်မှု ပေးနိုင်ကြသည်။ တစ်ဦးကိုတစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် စာနာနားလည်မှုပေးနိုင်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရပင် ဖြစ်ပေသည်။

ကျောင်းတွင် ဒီမိုကရေစီ လေ့ကျင့်ခံခဲ့ရ၍ ကျောင်းမှ ထွက်လာကြသူများတွင် တချို့က အစိုးရအဖွဲ့ထဲတွင်ပါဝင်၍ အများစုသည် ပြည်သူများ ဖြစ်လာကြမည်။ အစိုးရ၏ ဒီမိုကရေစီနည်းအရ ဆောင်ရွက်ချက်ကို ပြည်သူက နားလည်မည်။ ပြည်သူ၏ အစိုးရကို ထောက်ပြ၊ တင်ပြ၊ ဝေဖန်မှုများသည်လည်း ဒီမိုကရေစီနည်းအတိုင်းသာလျှင် တင်ပြကြ၊ ထောက်ပြကြ၊ ဝေဖန်ကြပေလိမ့်မည်။ ထိုအခါ အစိုးရကလည်း ပြည်သူ့ဆန္ဒကို နားလည်သည်။ လက်ခံသည်။ စာနာမှု ပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရရော ပြည်သူပါ "ဒီမိုကရေစီ ကျောင်းထွက်" များဖြစ်ကြ၍ အပြန်အလှန် စာနာမှု၊ နားလည်မှုဖြင့် ဆောင်ရွက်ပေလိမ့်မည်။

အရေးကြီးဆုံးအချက်မှာ ဒီမိုကရေစီကျောင်းထွက်အစိုးရသည် ဒီမိုကရေစီ အရေမခြုံပေ။ အာဏာတည်မြဲရေးအတွက် မတရားမှုနှင့် ပြည်သူများ၏ မငြိမ်းချမ်းမှုကို မပြုပေ။ ဒီမိုကရေစီအကြောင်းပြ၍ အာဏာရှင်စနစ် မကျင့်သုံးပေ။ ကျင့်သုံးလျှင်လည်း ပြည်သူက လက်မခံ။ ပြည်သူသည် ဒီမိုကရေစီ ကျောင်းထွက်ဖြစ်၍ ယခုဆောင်းပါး အစတွင် ဖော်ညွှန်းထားသကဲ့သို့ ကောင်းဆိုးနှစ်တန် ဝေဖန်ဆုံးဖြတ်နိုင်သူများ၊ ပင်ကိုဉာဏ်နှင့် အသိပညာဖြင့် ဆုံးဖြတ်နိုင်သူများ ဖြစ်ကြပါသည်။ ဝါဒမှိုင်းအမိမခံ၊ အများမိုးခါးရေသောက်တိုင်း လိုက်သောက်သည့် ပြည်သူခပ်ညံ့ညံ့များ မဟုတ်ကြတော့ပေ။ ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုကို သိ၏။ ငြိမ်းချမ်းမှုကို တန်ဖိုးထား၏။ မငြိမ်းချမ်းရန် ဝါဒဖြန့်မှုမှန်သမျှကို ခွဲခြားနိုင်ပြီး လက်ခံခြင်းအလျင်း မရှိပေ။

ဤသို့ "ဒီမိုကရေစီ ကျောင်းထွက်များ ပြည့်လျှမ်းနေသည့် မြန်မာ့လူ့အဖွဲ့အစည်း" သည် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုဖြင့် ပြည့်လျှမ်းနေမှာ မလွဲမသွေ ဖြစ်ပါလိမ့်မည်။ ထိုသို့ဖြစ်ရန်အတွက် "ဒီမိုကရေစီ အလေ့အကျင့်နှင့်ဆိုင်သည့် သင်ခန်းစာများကို "ဆရာကျင့်စဉ်" ရော "ကျောင်းသားကျင့်စဉ်" များပါ ကျောင်းများတွင် ထည့်သွင်းပြဋ္ဌာန်းကာ "ဒီမိုကရေစီ ကျောင်းထွက်များ" (သို့မဟုတ်) "ဒီမိုကရေစီ ဘက်တော်သားစစ်စစ် နိုင်ငံသားများ" မွေးထုတ်ပေးရမည့် အချိန်အခါကောင်းဖြစ်ပါကြောင်းနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်လောင်း ဦးသန့်၏ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ က အဆိုဖြစ်သည့် **"ကျောင်းတွင်း ဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ကြီးသာလျှင် ဖြစ်၏"** ဟူသည့် အဆိုကို ထောက်ခံရေးသားလိုက်ရပါသည်။

**"ကျောင်းတွင်ဒီမိုကရေစီ လေ့ကျင့်ခံခဲ့ရ၍ ကျောင်းမှထွက်လာကြသူများတွင် တချို့က အစိုးရအဖွဲ့ထဲတွင်ပါဝင်၍ အများစုသည် ပြည်သူများ ဖြစ်လာကြမည်။ အစိုးရ၏ ဒီမိုကရေစီနည်းအရ ဆောင်ရွက်ချက်ကို ပြည်သူက နားလည်မည်။ ပြည်သူ၏ အစိုးရကို ထောက်ပြ၊ တင်ပြ၊ ဝေဖန်မှုများသည်လည်း ဒီမိုကရေစီနည်းအတိုင်းသာလျှင် တင်ပြကြ၊ ထောက်ပြကြ၊ ဝေဖန်ကြပေလိမ့်မည်။ ထိုအခါ အစိုးရကလည်း ပြည်သူ့ဆန္ဒကို နားလည်သည်။ လက်ခံသည်။ စာနာမှုပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရရော ပြည်သူပါ "ဒီမိုကရေစီ ကျောင်းထွက်" များ ဖြစ်ကြ၍ အပြန်အလှန် စာနာမှု၊ နားလည်မှုဖြင့် ဆောင်ရွက်ပေလိမ့်မည်"**

**ကျမ်းကိုး ။ ။ ဦးသန့် (၁၉၅၂) ကျောင်းတွင်း ဒီမိုကရေစီ**

❖ *ကျောဖုံးမှ*

ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိတို့နိုင်ငံသမိုင်းတွင် လွန်စွာထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့်အတူတကွ ခမ်းနားစွာကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင်း၌ ကိန်းဝပ်ရှင်သန်နေစေရေး ဆောင်ရွက်ခဲ့ပါသည်။

၃။ အဆိုပါ အခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ တက်ရောက်ခဲ့ပြီး အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက်ကျင်းပသည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍လည်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါသည်။

၄။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀) ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်မိန့်ခွန်းတွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်း လုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၂ ခုနှစ်၊ မတ် ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

၆။ မိမိတို့အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်ပါသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးထား

**တောင်ကြီး ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကော်မတီဝင်များအနေဖြင့် ယနေ့အစည်းအဝေးတွင် တင်ပြလာသည့် Oh si Mountain Public Co.,Ltd.၏ ကလောဗီလာအဆင့်မြင့်အိမ်ရာ တည်ဆောက် ငှားရမ်းရောင်းချခြင်းလုပ်ငန်းအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုမိန့်ခွင့်ပြုပေးသွားနိုင်ရန် ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပေးထားသည့် မူဘောင်အတွင်းမှာရှိသည့်လုပ်ငန်းများကို မြန်မြန်နှင့်မှန်မှန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ oh si Mountain Public co.,Ltd. ၏ တာဝန်ရှိသူက ကုမ္ပဏီမှ အိမ်ရာဆောက်လုပ် ငှားရမ်းရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး oh si Mountain Public Co.,Ltd.၏ အိမ်ရာဆောက်လုပ် ငှားရမ်းရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတည်ပြုမိန့် လျှောက်ထားတင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်အားလုံးမှ ဝိုင်းဝန်းဆွေးနွေးပြီး ကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်အားလုံးက အထွေထွေဆွေးနွေးကာ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည့်များ ဖြည့်စွက်ပြောကြားပြီး နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် Oh si Mountain Public Co.,Ltd.၏ အိမ်ရာဆောက်လုပ် ငှားရမ်းရောင်းချခြင်းလုပ်ငန်းကို အတည်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ကြပြီး လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၈၁ သန်း အပါအဝင် မြန်မာကျပ်(၃၁၁၀ ဒသမ ၈၅၃)သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၅ ဦး ဖန်တီးနိုင်မည်ဖြစ်ပြီး ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၀ သန်းကို ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၄ သန်း အပါအဝင်ကျပ်သန်း ၃၁၆၂၀ ဒသမ ၇၅ ကို ခွင့်ပြုပေးထားခဲ့ပြီး အဆိုပါလုပ်ငန်းမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၉၉၄ ဦးနှင့် ပြည်ပ ၅၃ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေးစခန်း(မြစ်ကြီးနား)၌ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းဆင်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား)၌ မူးယစ်ဆေးဖြတ်ပြီးသူများအတွက် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း(၂/၂၀၂၂) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ လယ်ကုန်ရပ်ကွက်ရှိ အဆိုပါစခန်းသင်တန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



သင်တန်း ဆင်းပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက သင်တန်းသားများအနေဖြင့် အမှားကိုသိပြီး အမှန်ပြုပြင်ခဲ့ကြသည့်သူများဖြစ်၍ အားငယ်စရာမလိုဘဲ ဘဝကို အကောင်းဆုံးနှင့် အခက်အခဲများကို ကျော်ဖြတ်နိုင်ပြီး အောင်မြင်မှုရရှိအောင် လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်းနှင့် မိမိတို့အနေဖြင့်လည်း တိုင်းပြည်၏ သားကောင်းများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို ပစ်ပယ်မထားဘဲ လမ်းမှန်ပေါ်သို့ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြစ်ကြီးနားစခန်းတာဝန်ခံက ဦးမုန်လင်းဂမ်က စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ၂၀ တို့ထံ ပေးအပ်သည်။

မြစ်ကြီးနား ပြန်လည်ထူထောင်ရေးစခန်း၏ ယခုသင်တန်းအမှတ် (၂/၂၀၂၂) ကို သင်တန်းသား ၂၀ တို့ကို ၁.၁၂.၂၀၂၁ ရက်မှ ၂၈.၂.၂၀၂၂ ရက်နေ့အထိ သင်တန်းကာလ သုံးလအတွင်း မူးယစ်ဆေးဖြတ်ပြီးသူ လူငယ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ခေတ်စနစ်နှင့်အညီ စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ တိုးတက်ကောင်းမွန်ရေး လေ့ကျင့် သင်ကြားပေးသည့်အပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သက်မွေးပညာသင်တန်းများ ဖြစ်သည့် ဝါရိန်ဆက်သင်တန်း၊ အိမ်တွင်းအခြေခံ လျှပ်စစ်ပြုပြင်မှုသင်တန်း၊ သီးနှံစိုက်ပျိုးရေး သင်တန်း၊ ဆိုင်ကယ်ပြင် သင်တန်းနှင့် ဆပ်ပြာဆီ ပြုလုပ်နည်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ သတင်းမီဒီယာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ သတင်းမီဒီယာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက သတင်းအချက်အလက်များ တင်ပြရာတွင် မီဒီယာကျင့်ဝတ်နှင့်အညီဖြစ်စေရန် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ အကျပ်အတည်းကာလတွင် Social Media သည် အဓိကကျသည့် အခန်း ကဏ္ဍတစ်ခု ဖြစ်လာကြောင်း၊ သတင်းအချက်အလက်များ၊ ကြေညာချက်များကို ဆိုရှယ်မီဒီယာ၊ Website တို့မှတစ်ဆင့် အများပြည်သူသိရှိနိုင်စေရန် ထုတ်လွှင့်နေသည့်အချိန်တွင် ကျင့်ဝတ်နှင့်အညီ စနစ်တကျရေးသားဖော်ပြနိုင်သည့် မီဒီယာကောင်းများ ဖြစ်လာစေရန် အရေးကြီးပါကြောင်း၊ သင်ကြားခဲ့သည့် အသိပညာရပ်များကို လက်တွေ့နယ်ပယ်တွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကော်မရှင်ရုံးမှ အရာထမ်း သုံးဦး၊ အမှုထမ်း ၁၈ ဦး စုစုပေါင်း သင်တန်းသား ၂၁ ဦး တက်ရောက်ကြပြီး ရက်သတ္တပတ် သုံးပတ်ကြာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သတင်းစာပညာ မိတ်ဆက်၊ အွန်လိုင်းသတင်းရေးသားခြင်း၊ ဓာတ်ပုံပညာအခြေခံ၊ သတင်းမှတ်တမ်းရိုက်ကူး ထုတ်လုပ်ခြင်းနှင့် သတင်းတည်းဖြတ်ခြင်း ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဌေးတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှို အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း စစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဌေးတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ် ၂၀၁၇ ခုနှစ်အတွင်း ကာလပေါက်ဈေး ငွေကျပ် ၆၅ သန်း ကျော် တန်ဖိုးရှိသည့် နိုင်ငံတော်ပိုင် (အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) မြေကွက်လပ်အား နိုင်ငံတော်မှ ချီးမြှင့်သည့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရရှိမှုကို အကြောင်းပြု၍ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ ပေးအပ်ခဲ့ပြီး အဆိုပါမြေနေရာအား ပြန်လည်အလှူခံရယူခဲ့ခြင်း။

ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်လင်လေးနှင့် နန်းမယ်ခုံရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန LED Board နှင့် Transformer တည်ဆောက်ခြင်း၊ ပြည်နယ်လမ်းဦးစီးဌာန၊ ရှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါအောင်မြင်သောကုမ္ပဏီထံမှ ပေးအပ်သည့် စုစုပေါင်းငွေကျပ်သိန်း ၁၁၀ ကို လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လွိုင်ကော်မြို့တွင်းလမ်း Platform ဆောင်ရွက်ခြင်းလုပ်ငန်း၊ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ရုံးသစ်နှစ်ထပ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ပေးအပ်သည့် စုစုပေါင်းငွေကျပ် ၈၂ သိန်းကိုလည်းကောင်း တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ညှော့ရိပ်သာတို့အား လျှပ်စစ်မီးအလှဆင်ခြင်းနှင့် လွိုင်ကော်လေဆိပ် CCTV တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်ခြင်းမပြုသဖြင့် နိုင်ငံတော်ကရရှိမည့် အခွန်အခနှင့် နိုင်ငံတော်ငွေကြေးသက်သာခွင့်များ နစ်နာဆုံးရှုံးစေခဲ့ခြင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ကယားပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဌေးတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ကယားပြည်နယ်၊ လွိုင်ကော်မြို့မရဲစခန်းတွင် ဖေဖော်ဝါရီ ၂၇ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အခြားသော စစ်ဆေးပေါ်ပေါက်ချက်များအရ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအတွက် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၀၄၀ ဖြင့် တင်ဒါခေါ်ယူဝယ်ယူခဲ့သည့် ကယားပြည်နယ်အစိုးရအဖွဲ့ပိုင် စက်ယန္တရား ၁၈ စီး၏ ငှားရမ်းခရငွေများအား ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလတွင် စက်ယန္တရားငှားရမ်းခရငွေ ငွေကျပ် ၃၁၁ သန်းကျော်ထဲမှ ငွေကျပ် ၂၃၄ သန်းကျော်ကို ဌာနဆိုင်ရာငွေစာရင်းသို့ ပေးသွင်းခြင်းမရှိဘဲ ၎င်း၏ အကျိုးစီးပွားအတွက် သုံးစွဲခဲ့ခြင်း၊ ကယားပြည်နယ်နေ့အခမ်းအနား ကျင်းပသည့် အစိုးရမြေနေရာ (ကယားဒေးကွင်း) အား တင်ဒါခေါ်ယူခြင်းမပြုဘဲ ကုမ္ပဏီတစ်ခုသို့ မြေငှားရမ်းခွင့်ပြုခဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခံရသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်အပေါ် စီရင်ချက် အမိန့်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာမြင့်နိုင် အပေါ် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် အဂတိလိုက်စားမှုကျူးလွန်ကြောင်း တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အရ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စည်းကမ်းများဖောက်ဖျက်သဖြင့် တင်ဒါကြမ်းခင်းဈေးနှုန်းများ သတင်းပေါက်ကြားပြီး တင်ဒါတန်ဖိုး ငွေကျပ်သန်းပေါင်း ၂၀၀၀၀ ကျော်ရှိသည့် လုပ်ငန်း ၆၆ ခုမှာ မူလကြမ်းခင်းဈေးအတိုင်း တင်ဒါအောင်မြင်ခဲ့ကြသည့်အပေါ် နိုင်ငံတော်အတွက် သက်သာခွင့်ရရှိမည့် ငွေကြေးများ ဆုံးရှုံးနစ်နာခဲ့ခြင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တင်ဒါခေါ်ယူရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးစိုးဦး၏ ကိုယ်ရေးအရာရှိဖြစ်သူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလင်းလှိုင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်သန့်စင်တို့အား တင်ဒါလုပ်ငန်းအချက်အလက်များအတွက် ငွေကြေးရယူ ဆောင်ရွက်မှုတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အစီရင်ခံစာအား ဖုံးကွယ်၊ ဖျောက်ဖျက်ခြင်းများ ပြုလုပ်ခဲ့ခြင်း။

မုံရွာမြို့နယ်၊ လယ်တီရပ်ကွက်အတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနပိုင် အင်းမြေ စုစုပေါင်း ၅ ဒသမ ၇၈ ဧကအား နိုင်ငံတော်ပိုင်မြေ ဖြစ်ကြောင်း သိလျက်နှင့် ငွေကြေးရယူကာ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် လူပုဂ္ဂိုလ်တစ်ဦးသို့ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုခဲ့သဖြင့် နိုင်ငံတော်ပိုင်မြေ ၅ ဒသမ ၇၈ ဧက၏ ကာလတန်ဖိုး ငွေကျပ်သိန်း ၈၆၇၀ နစ်နာဆုံးရှုံးခဲ့ခြင်း။

မုံရွာမြို့ရှိ လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ Hijet အမျိုးအစား မော်တော်ယာဉ်တစ်စီးအား ၎င်းကိုယ်တိုင် ဦးစီးဖွင့်လှစ်ထားသည့် ဂေဟာအဆောက်အဦတွင် အသုံးပြုရန်အတွက် တောင်းခံ လှူဒါန်းစေခဲ့ခြင်း၊ ဂေဟာနှင့် တစ်ဆက်တည်းရှိနေသော မြေဧက ၂ ဒသမ ၈၅ ဧကပေါ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိသေးဘဲ ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဂေဟာမှူးအိမ်အဖြစ် ဆောက်လုပ်အသုံးပြုထားသည့်အတွက် နိုင်ငံတော်ပိုင်မြေ ၂ ဒသမ ၈၅ ဧက ဆုံးရှုံးနစ်နာခဲ့ခြင်း။

ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်သည် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုချထားပေးသည့် ရွှေသတ္တုလုပ်ကွက်များအနက် အသေးစားလုပ်ကွက် ၂၄၃ ကွက်နှင့် လက်လုပ်လက်စား လုပ်ကွက် ၄၇ ကွက်တို့အတွက် တိုင်းဒေသကြီးဘဏ္ဍာစာရင်းသို့ ကြိုတင်ပေးသွင်းရမည့် အခွန်အခများကို ကောက်ခံခြင်းမပြုဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် နိုင်ငံတော်ကရရှိမည့် အခွန်ငွေ ငွေကျပ်သိန်း ၂၉၀၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မြင့်နိုင် အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် မေ ၁၇ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှု အမှတ် ၁/၂၀၂၁ မှ ၇/၂၀၂၁ အထိ အမှုခုနစ်မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

အဆိုပါ အမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့တွင် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်ကို ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၇/၂၀၂၁ အထိတို့အတွက် အမှုတစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီဖြင့် စုစုပေါင်းအမှု ခုနစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံဆွေးနွေးပွဲတွင် ချက်ချင်းအပစ်ရပ်စဲရန်နှင့် ရုရှားတပ်ဖွဲ့များဆုတ်ခွာရန် ယူကရိန်းတောင်းဆို

**ကီယက်ဗ်/မော်စကို ဖေဖော်ဝါရီ ၂၈**
လွန်ခဲ့သော သီတင်းပတ် စစ်ရေးကျူးကျော်ချိန်မှစကာ ယူကရိန်းနှင့် ရုရှားကိုယ်စားလှယ်များသည် ပထမဆုံးအကြိမ် ဆွေးနွေးပွဲစတင်ခဲ့ကြသည်။ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၂၈ ရက်က ယူကရိန်းနယ်စပ်အနီး ဘယ်လာရုဇ် အရှေ့တောင်ပိုင်းတွင် တွေ့ဆုံခဲ့ကြသည်။

ဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ ချက်ချင်းအပစ်ရပ်စဲရန်နှင့် ယူကရိန်းမှ ရုရှားတပ်ဖွဲ့များ ဆုတ်ခွာရန်ဖြစ်ကြောင်း ယူကရိန်းသမ္မတရုံးက ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်ပြောကြားလိုက်သည်။ ထို့အပြင် ရုရှားက ယူကရိန်းအနေဖြင့် နေတိုးအဖွဲ့ထဲ မဝင်ကြောင်း တရားဝင်အာမခံချက်ကို အလိုရှိနေကြောင်းသိရသည်။

ယူကရိန်းကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့ဝန်ထမ်းပါတီမှ ပါတီခေါင်းဆောင်ဖြစ်သည့် ဒေးဗစ်အာရာခါမီယာ၊ ကာကွယ်ရေးဝန်ကြီး အိုလက်ဆီးရက်ဇ်နီကော့ဗ်နှင့် သမ္မတရုံးအကြီးအကဲအကြံပေး မိုင်ခေးလိုပိုဒိုလစ်တို့ ပါဝင်သည်။

ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ရုရှားကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်များနှင့် တခြားအစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ကြောင်း ပြောကြားသည်။

ရုရှားမြေပြင်တပ်ဖွဲ့များသည် ယူကရိန်းမြို့တော် ကီယက်ဗ်နှင့် ဒုတိယအကြီးဆုံးမြို့တော် ခါကိဗ်ကို ရောက်ရှိရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။

ဆင်ဟွာ



ရုရှားနှင့် ယူကရိန်းနှစ်ဖက်အဖွဲ့များ ဆွေးနွေးကြစဉ်။

# နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်ဖြေလျှော့မပေးမီ ဂျပန်နိုင်ငံရှိ ကျောင်းများနှင့် ကုမ္ပဏီများတွင် နိုင်ငံခြားသားများကိုလက်ခံနိုင်ရေး ပြင်ဆင်လျက်ရှိ

**တိုကျို ဖေဖော်ဝါရီ ၂၈**
ဂျပန်နိုင်ငံတွင် မတ် ၁ ရက်၌ နိုင်ငံခြားသားများ အတွက် ပြည်ဝင်ခွင့် ကန့်သတ်ချက်များ ဖြေလျှော့မပေးမီ ကျောင်းများနှင့် ကုမ္ပဏီများတွင် နိုင်ငံခြားသားများကို လက်ခံနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဝင်ရောက်ခွင့်ပြုရန် စီစဉ်ထား**

အိုမီခရွန် ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်အတွက် နိုင်ငံခြားသားများ ပြည်ဝင်ခွင့်ကို ပိတ်ပင်ထားခဲ့သည်။ ဂျပန်အစိုးရသည် နေ့စဉ် နိုင်ငံခြားသား ၅၀၀၀ နီးပါး နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန်အတွက် စီစဉ်ထားသည်။ လက်ရှိတွင် တစ်နေ့လျှင် နိုင်ငံခြားသားဝင်ရောက်ခွင့်ကို ၃၅၀၀သာ ခွင့်ပြုပေးထားသည်။

**လျှောက်လွှာလက်ခံလျက်ရှိ**

ဂျပန် အာဏာပိုင်များသည် ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်၍ ကောလိပ်များနှင့် ကုမ္ပဏီများမှ လက်ခံလိုသည့် နိုင်ငံခြားသားများအတွက် အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာ လက်ခံလျက်ရှိသည်။

တိုကျိုမြို့ရှိ ဂျပန်စာသင်ကျောင်းတွင်မူ နိုင်ငံခြားသား ကျောင်းသား ၇၃၁ ဦးမှာ ဂျပန်နိုင်ငံသို့ ဝင်ရောက်ရန် အခက်ကြုံနေရကြောင်း၊ ၎င်းတို့မှာ ဂျပန်နိုင်ငံသို့ လာရောက်ရန် နှစ်နှစ်ကျော်ကြာ စောင့်ဆိုင်းနေရသည်ဟု အဆိုပါကျောင်းမှ ဝန်ထမ်းက ပြောသည်။

အင်န်အိတ်ချ်ကေ




ဟာနီဒါလေဆိပ်တွင် နိုင်ငံခြားသားတစ်ဦးကို အသွားအလာစောင့်ကြည့်ရေး အေးဂျင့်က လာရောက်ကြိုဆိုသည်ကို တွေ့ရစဉ်။

# ကျူးဘားနိုင်ငံ၌ ကိုဗစ်-၁၉ကြောင့် သေဆုံးသူမရှိသည်မှာ လေးရက်ဆက်တိုက်ရှိလာပြီဖြစ်

**ဟာဗားနား ဖေဖော်ဝါရီ ၂၈**
ကျူးဘားနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူမရှိသည်မှာ လေးရက်ဆက်တိုက်ရှိလာပြီဖြစ်ပြီး စုစုပေါင်းသေဆုံးသူဦးရေမှာ ၈၄၉၄ ဦးတွင် ရပ်တန့်နေသည်ဟု ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ပြီးခဲ့သည့်ရက်က ကိုဗစ်-၁၉နောက်ထပ်ကူးစက်ခံရသူ ၆၃၀ ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၀၆၉၃၈၇ ဦးရှိလာပြီ ဖြစ်သည်။ ကျူးဘားနိုင်ငံ၏ လူဦးရေ ၁၁ ဒသမ ၂ သန်းတွင် ၉ ဒသမ၈ သန်းမှာ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။ လူဦးရေ ၅ ဒသမ ၉သန်းမှာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ကျူးဘားနိုင်ငံ၏ ကိုဗစ် -၁၉ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်မှာ ပြည်တွင်းထုတ်ကာကွယ်ဆေးများနှင့် ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘာ့ဖလားခြေစစ်ပွဲအိမ်ရှင်အဖြစ် အီရတ်နိုင်ငံက လက်ခံကျင်းပမည်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈**
၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲကို အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကျင်းပသွားမည်ဟု အီရတ်အစိုးရက ဖေဖော်ဝါရီ ၂၇ ရက်တွင် ကြေညာခဲ့သည်။ အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်က အီရတ်နိုင်ငံအပေါ် ပိတ်ပင်ထားမှုကိုဖယ်ရှားပေးပြီးနောက် ယခုလို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာအနှံ့မှ ညီအစ်ကိုများကို အီရတ်မြို့များတွင် လက်ခံသွားရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း အီရတ်လူငယ်နှင့် အားကစားဝန်ကြီး အာနန်ဒါဂျေကပြောသည်။ ၁၉၉၀ပြည့်နှစ် အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကိုကျူးကျော်ပြီးနောက်ပိုင်း အီရတ်ဘောလုံးအသင်းသည် ပြည်တွင်းပါဝင်ယှဉ်ခွင့်ကို ပိတ်ပင်ခံခဲ့ရသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းတွင် ရေကြီးမှုဖြစ်ပွား

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၈**
ဩစတြေးလျနိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူဦးရေမှာ ရှစ်ဦးအထိရှိလာသည်ဟု သိရသည်။ တိုင်းပြည်၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် ရာသီဥတုအခြေအနေမှာ ဆိုးရွားလျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရပြီး စာသင်ကျောင်းများကိုလည်း ပိတ်ထားရသည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရေစီးနောက်ကို လူနှစ်ဦးမျောပါသွားကြောင်း ကွင်းစလန်းပြည်နယ်မှ ရဲဌာနက ပြောသည်။ ရေစီးနှင့်အတူ မျောပါသွားသူ နှစ်ဦးအနက်မှ တစ်ဦးကို ဘရစ္စဘိန်း မြောက်ပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့သည်။ ပြည်နယ်အတွင်း ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူဦးရေမှာ ရှစ်ဦးအထိရှိလာပြီ ဖြစ်သည်။

**ရေဘေးဒုက္ခ ခံစားခဲ့ရ**

ရေကြီးမှုကြောင့်လူပေါင်း ၁၅၄၀ မှာ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်နေရသည်ဟု ကွင်းစလန်းပြည်နယ် ဝန်ကြီးချုပ် အနက်စတေးရှား ပလက်စကုဇ်က ပြောသည်။ နေအိမ်ပေါင်း ၁၈၀၀၀ ဝန်းကျင် ရေဘေးဒုက္ခကို ခံစားခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

ဩစတြေးလျနိုင်ငံတွင် ရေကြီးမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။



# ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့

ဟန္နိုင်း ဇန်နဝါရီ ၂၈

**ဗီယက်နမ်နိုင်ငံတွင် ဇန်နဝါရီ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၄၃၈၅ ဦးရှိလာကြောင်း ဖော်ပြခဲ့မှုနှင့်အတူ နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃ ဒသမ ၄ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။**


ဗီယက်နမ်နိုင်ငံ ဟန္နိုင်းတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

နိုင်ငံတစ်ဝန်းရှိ ဒေသပေါင်း ၆၁ ခုတွင် ထပ်မံကူးစက်ဖြစ်ပွားသူအရေအတွက်သည် ဖေဖော်ဝါရီ ၂၇ ရက်ကထက် ၇၃၉၅ ဦးတိုးလာခဲ့သည်။ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၉၄၃၇၆ ဦးရှိပြီး ကိုးဦးမှာ ပြည်ပကူးစက်ဖြစ်ပွားမှုဖြစ်သည်။

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ကာ ဇန်နဝါရီ ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၈၅၀ ရှိပြီး နေ့စဉ် ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့သည်။ ထို့နောက် မြောက်ပိုင်း ကွမ်နင်ပြည်နယ်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၁၀၅ ဦးနှင့် အလယ်ပိုင်း ငှါအန်းပြည်နယ်တွင် ၃၉၅၈ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၃၄၄၃၄၈၅ ဦးရှိပြီး သေဆုံးသူပေါင်းမှာလည်း ၄၀၂၅၂ ဦး ရှိသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၄၃၈၉၅၁ ဦး သို့မဟုတ် ၇၁ ရာခိုင်နှုန်း ရှိသည်။

အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၇၆ ဒသမ ၉ သန်းအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာ ၁၉၃ ဒသမ ၆ သန်းရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဗီယက်နမ်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက် လေးကြိမ်တိုင်တိုင်ရိုက်ခတ်ခဲ့ပြီးဖြစ်သည်။ ဇန်နဝါရီ ၂၄ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၁ သန်းကျော်လွန်ခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်အထိ လက်ရှိ ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့သည့် ၂၀၂၁ ခုနှစ် ဧပြီလမှစကာ ပြည်တွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃ ဒသမ ၄ သန်းရှိသည်။

ဆင်ဟွာ


ဖိလစ်ပိုင်နိုင်ငံ မနီလာရှိ ဘူတာရုံတစ်ရုံမှ ဆင်းလာသော ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသွားများကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီလလယ်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၀၀ အောက်ကျဆင်းလာ

**မနီလာ ဖေဖော်ဝါရီ ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၅၁ ဦးရှိပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစကာ အနည်းဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဖြစ်ခဲ့သည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ အတည်ပြုလူနာများ အပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၆၆၁၉၉၇ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၅၀ ထပ်မံ သေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၅၆၄၅၁ ဦးအထိ ရှိလာခဲ့သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် ဖေဖော်ဝါရီ ၂၇ ရက်က ၅၂၉၆၁ ဦးရှိရာမှ ၅၂၁၇၉ ဦးအထိ ကျဆင်းလာခဲ့သည်။ ထို့အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိမှုရာခိုင်နှုန်းသည် ၅ ရာခိုင်နှုန်းသာရှိတော့သည်။ ဇန်နဝါရီလ လယ်ခန့်က အမြင့်ဆုံးကူးစက်ဖြစ်ပွားမှုဖြစ်ခဲ့သော အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်မှုများ လျော့ကျသွားခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူ ၂၀၀၀ အောက်ကျဆင်းခဲ့ကြောင်း ဒီအိုအိတ်ချ်က ထုတ်ပြန်ကြေညာသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇန်နဝါရီ ၁၅ ရက်က ၃၉၀၀၄ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားသည့်အချိန်မှစကာ ကိုဗစ်-၁၉ လှိုင်းဂယက်လေးခု ရိုက်ခတ်ခြင်းကို ခံစားခဲ့ရသည်။ လူဦးရေ သန်း ၁၁၀ နီးပါးရှိသည့် အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ် စစ်ဆေးပြီးသူပေါင်း ၂၆ သန်း ကျော်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘောဒီးယား၌ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူအားလုံးမှာ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ခံရသူများဖြစ်

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၆ ဦးရှိလာသောကြောင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၀၂၇၆ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၃၄၂ ဦးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားမှုဖြစ်ပြီး ၁၄ ဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ ကူးစက်ဖြစ်ပွားသူအားလုံးမှာ အိုမီခရွန်ဗီဇပြောင်း မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် အသစ် ထပ်မံသေဆုံးသူမရှိသည့်အတွက် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ယခင်ဖော်ပြထားသည့် ၃၀၃၂ ဦးသာ ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၉ ဦးရှိသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၁၂၃၇၇၂ ဦးဖြစ်သည်။ ပထမဆုံး အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသည့်နေ့မှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်ဖြစ်သည်။ ဂါနာမှ ပြန်လာသော ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦးဖြစ်သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်တက် ချိုဟွန်ဆမ်က အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူများအနေဖြင့် နေအိမ်တွင်သာ ကုသမှုခံယူလိုပါက အစိုးရအနေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သောနှစ် ဖေဖော်ဝါရီမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို စတင်ခဲ့သည်။ တရုတ်နိုင်ငံသည် အဓိက ကာကွယ်ဆေးဖြန့်ဝေပေးသူဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပေးပြီးသူပေါင်းမှာ ၁၄ ဒသမ ၅၆ သန်းရှိပြီး လူဦးရေ ၁၆ သန်းရှိသည့်အနက် ၉၁ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးပြီးပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်းက ပြောကြားလိုက်သည်။ နိုင်ငံအတွင်း ထိုးပေးခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ တရုတ်နိုင်ငံ၏ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆီနိုဖမ်းကိုဗစ်-၁၉ ကာကွယ်ဆေးများဖြစ်သည်။

ဆင်ဟွာ

ဖနောင်ပင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနေသူ တစ်ဦးကို တွေ့ရစဉ်။



# တိုကျို၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၆၃၁ ဦးရှိ

**တိုကျို ဖေဖော်ဝါရီ ၂၈**

တိုကျို၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ဖေဖော်ဝါရီ ၂၈ ရက်က ၉၆၃၂ ဦး ရှိခဲ့သည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပမာဏသည် လွန်ခဲ့သော သီတင်းပတ်ထက် ၈၀၀ ကျော်လွန်ခဲ့သည်။ ဖေဖော်ဝါရီ ၁၉ ရက်မှစကာ တစ်ပတ်ပြီးတစ်ပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရပြီး အသက်ရှူ အထောက်အကူပြုကိရိယာ သို့မဟုတ် နှလုံးအကူစက်ဖြင့် နေထိုင်နေရသူ ၆၉ ဦးရှိပြီး ဖေဖော်ဝါရီ ၂၇ ရက်ကထက် ခြောက်ဦးကျဆင်းလာခဲ့ကြောင်း တိုကျိုအရာရှိများက ပြောသည်။ ဆေးရုံရှိ ခုတင်ရရှိမှု အနေအထားသည်လည်း ၅၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၉၂၄၁၃၀ အထိရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၀၁၃ ဦး ရှိလာသောကြောင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၉၂၄၁၃၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။ ထို့အပြင် ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ဖြင့် ၁၁၉ ဦးထပ်မံသေဆုံးမှုအပါအဝင် စုစုပေါင်းသေဆုံးသူ ၅၁၃၈၄၃ ဦးရှိသည်။

အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၀၂၆၀၁ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၈၇၁ ဦး လျော့နည်းခဲ့သည်။ ယခုကဲ့သို့ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၃၅ ရက် ရှိလာပြီဖြစ်သည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၁၆၇၆၅ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၄၂၃၀၇၆၈၆ ဦး ရှိပြီဖြစ်သည်။

ဆင်ဟွာ

# တရားမဝင် သစ်မျိုးစုံနှင့် ကုန်တင်ယာဉ် ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းတပ်ခရိုင် ပလက်ဝမြို့နယ်အတွင်း တရားမဝင် ကညင်ခွဲသား ၀ ဒသမ ၉၀၈၈ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၂၁)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူဖေဖော်ဝါရီ၂၇ရက်တွင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသား(ဆိုဒ်စုံ) ၂ ဒသမ ၇၇၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၂၃၂၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း**(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၂၃၂၀၀)** ကို ဖမ်းဆီးရမိပြီး **(အပေါ်ပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၄၅၆၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၃၂၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တော ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင် ကျိုက်ထီးရိုးသဘာဝ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၉၂၄၁ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၅၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၉၄၀၆၃၁)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နွားထိုးကြီးတွင် ငါးဈေးချို၍ အညာသားတို့ ပင်လယ်ငါး စားသုံးလာ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ရန်ကုန်ပင်လယ်ငါး၊ မြစ်ငါးများ အပြိုင်ရောင်းချနေ၍ ငါးတစ်ပိဿာ ငွေကျပ် ၆၀၀၀၊ ၈၀၀၀မှ ယခုအခါ ငွေကျပ်၂၀၀၀၊ ၂၅၀၀ ၊ ၃၀၀၀ ဈေးဖြင့် ငါးဈေးချိုချို အညာသားများ စားသုံးနေကြကြောင်း မဇာဇာငါးဒိုင်ထံမှ သိရသည်။

သားငါး ဈေးကွက်တွင် အမဲသား၊ ဝက်သားက ငွေကျပ် ၁၅၀၀၀၊၂၀၀၀၀ရှိနေပြီး ကြက်သားက ငွေကျပ် ၇၀၀၀၊ ၈၀၀၀၊ ၁၀၀၀၀ ဈေးရောင်းနေသည်။ ဒေသထွက်ငါးက ၈၀၀၀၊ ၁၀၀၀၀ ရှိပြီး ပင်လယ်ငါးက ငွေကျပ် ၂၀၀၀၊ ၃၀၀၀ သာ ရှိသောကြောင့် ငါးစားသုံးသူများလာသည်။

ရေခဲရိုက်ပြီး ပင်လယ်ငါးမျိုးစုံ ရန်ကုန်မှ နွားထိုးကြီးသို့ နေ့စဉ် အမြန်ယာဉ်များနှင့် ဝင်ရောက်နေ၍ အညာသားများ ပင်လယ်ငါးစားတတ်လာပြီဖြစ်သည်။

ငါးဈေးချိုချိုနှင့် စားသုံးသူက သက်သာအောင် ရောင်းချနေ၍ အညာသားတွေ ပင်လယ်ငါးနှင့် ပင်လယ်စာများ စားသုံးတတ်လာကြောင်း မဇာဇာငါးဒိုင်ထံမှ သိရသည်။

**(၀၁၈)**

# ရေနံချောင်းမြို့ ဘော်ဒါဆောင်တစ်ခုမှ ကျောင်းသားသုံးဦး ရောဝတီမြစ်ကျိုးအင်းအတွင်း ရေဆင်းချိုးစဉ် တစ်ဦးရေနစ်သေဆုံး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ညောင်လှရပ်ကွက် ဆားတိုင်ကျေးရွာ အနောက်ဘက် ရောဝတီ မြစ်ကျိုးအင်းအတွင်း ဖေဖော်ဝါရီ ၂၈ ရက် နံနက်၉ နာရီခန့်က ဆိပ်သာကွန်းထောက်ရပ် ဘော်ဒါဆောင်တစ်ခုမှ တက္ကသိုလ်ဝင်တန်း ကျောင်းသားသုံးဦး ရေဆင်းချိုးစဉ် အသက်(၁၈)နှစ်အရွယ် ကျောင်းသားတစ်ဦး ရေနစ် သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လှရပ်ကွက် ဆိပ်သာကွန်းထောက်ရပ် ဘော်ဒါဆောင်တစ်ခုမှ အသက်(၁၈)နှစ်အရွယ် ကျောင်းသားနှစ်ဦးနှင့် (၁၇)နှစ်အရွယ် ကျောင်းသားတစ်ဦးတို့သည် ကျောင်းပိတ်ရက်တွင် ဘော်ဒါမှ ဆားတိုင်ကျေးရွာအနီး အကျယ် ပေ၁၀၀ခန့် အနက် ၁၅ ပေခန့်ရှိ မြစ်ကျိုးအင်းအတွင်းသို့ ရေဆင်းချိုးခဲ့ရာ မောင်ကျော်လင်းထက်(၁၈)နှစ် ဘော်ဒါဆောင်နေသူသည် ရေပေါ်သို့ ပြန်ပေါ်မလာသဖြင့် အတူပါသူ ကျောင်းသားနှစ်ဦးက ဘော်ဒါဆရာမထံ အကြောင်းကြားပြီး အနီးရှိ လူများအား အကူအညီတောင်း၍ ဝိုင်းဝန်းဆယ်ယူကြရာ နှာခေါင်းနှင့်ပါးစပ်မှ ရေများထွက်ပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးလျက်တွေ့ရှိခဲ့ကြောင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညောင်လှရဲစခန်း တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် ရဲဆေးစာနှင့်အတူ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့ပြီး ညောင်လှနယ်မြေ ရဲစခန်းမှ ရဲအုပ်အောင်အောင်ဦးက သေမှုသေခင်း အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရောဝတီမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ပြင်ဦးလွင်ခရိုင်ငါး လုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံနှင့် ဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက်က ရောဝတီမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးနှင့် ရောဝတီလင်းပိုင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေလုပ်သားများအား တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေး၊ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှု မရှိစေရေးတို့အတွက် ငါးဖမ်းကိရိယာများ စစ်ဆေးခြင်းနှင့် ရောဝတီလင်းပိုင်ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း နိုင်ငံတကာခြေစမ်းပွဲများကစားနိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် မေလတွင် ယှဉ်ပြိုင်ရမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးနောက် နိုင်ငံတကာပြိုင်ပွဲများနှင့် တစ်နှစ်ကျော်ဝေးကွာခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ အာရှဖလား ခြေစစ်ပွဲ ပြန်လည်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အပြီးတွင် ရက်ပိုင်းကြာအနားယူပြီးနောက် ပြီးခဲ့သည့်ရက်ပိုင်းမှစတင်ကာ ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လဝန်းကျင် အချိန်ယူပြင်ဆင်လျက်ရှိပြီး ပဏာမကစားသမား ၃၀ ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မတ်နှင့် ဧပြီတို့တွင် ကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာတွင်ယှဉ်ပြိုင်သည့် အာရှဖလားခြေစစ်ပွဲ၊ ယခုနှစ် ဇန်နဝါရီတွင်ယှဉ်ပြိုင်သည့် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်မတိုင်မီတွင် နိုင်ငံတကာခြေစမ်းပွဲများကစားနိုင်ခြင်းမရှိဘဲ လေ့ကျင့်ပြီးမှသာ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ဦးတင်မြင့်အောင်အနေဖြင့် အာရှဖလားခြေစစ်ပွဲ၊ အာရှဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုဖြင့်ပင် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် ပဏာမလူစာရင်းတွင် စီနီယာကစားသမားများအပြင် လူငယ်ကစားသမားအများစုလည်း ပါဝင်နေပြီး လူငယ်ကစားသမားများအနေဖြင့် နိုင်ငံတကာအတွေ့အကြုံရရှိလာပါက အသင်းခြေစွမ်း ပိုမိုကောင်းမွန်လာဖွယ်ရှိနေသည်။

**ရဲရင့်လွင်**

# ရေနံချောင်းမြို့၌ အိမ်သာကျင်းသစ် တူးနေစဉ် ကျင်းအဟောင်းမှ ရေဆိုးများဝင်ရောက်နစ်မွန်း၍ တစ်ဦးသေဆုံးမှုဖြစ်

**ရေနံချောင်း ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ညောင်လှရပ်ကွက် ညောင်လှရွာသစ်ရပ်တွင် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က အိမ်သာကျင်းအသစ် တူးဖော်နေစဉ် အိမ်သာကျင်းအဟောင်းမှ ရေဆိုးများရုတ်တရက်ဝင်ရောက်ကာ နစ်မွန်း၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လှရပ်ကွက် ဆိပ်သာကွန်းထောက်ရပ်နေ သိန်းစုလွင်(ခ)ကုလား(၃၄နှစ်)နှင့် သိမ်ကုန်းရပ်နေ ကျော်ဆန်းဦး(၂၂နှစ်)တို့သည် ညောင်လှရွာသစ်ရပ် ဒေါ်တင်နွယ်ဦး(ခ)ဒေါ်ငွေး၏ နေအိမ်တွင် အိမ်သာကျင်းအသစ် တူးဖော်နေစဉ် အနီးရှိအိမ်သာကျင်းအဟောင်းမှ ရေဆိုးများ ရုတ်တရက်ဝင်ရောက်နစ်မွန်းနေသဖြင့် အနီးအနားရှိသူများက ဝိုင်းဝန်းဆယ်ယူကြပြီး ဆေးရုံသို့ပို့ဆောင်စဉ် သိန်းစုလွင်(ခ)ကုလားမှာ အသက်ရှူမွန်းကျပ်၍ သေဆုံးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတ်တမ်းများအရ သိရသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် ကြည့်ရှုစစ်ဆေးပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လှနယ်မြေရဲစခန်းမှ ရဲအုပ်အောင်အောင်ဦးက သေမှုသေခင်း အမှုရေးဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖေဖော်ဝါရီ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၉၃ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၆၈ ရှိ

(၂၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၃၅၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၉၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၂၀,၈၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၈၇,၈၉၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၇၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၃၄,၇၇၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၆၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၈–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၅၈) ခု | (၁၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၁) ခု | (၁၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၈) ခု | (၁၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၄၀) ခု | (၁၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၄၇) ခု | (၃၈၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၁၈) ခု | (၁,၀၁၇) ဦး |
| **စုစုပေါင်း** | **(၂၀,၃၅၈) ခု** | **(၁,၆၉၃) ဦး** |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့် ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၅၆၇၇၅၇ | ၅၃၁၉၂၉၉၀ | ၉၇၃၁၁၉ |
| ၂။ | အိန္ဒိယ | ၄၂၉၂၄၁၃၀ | ၄၂၃၀၇၆၈၆ | ၅၁၃၈၄၃ |
| ၃။ | ဘရာဇီး | ၂၈၇၆၈၁၀၄ | ၂၆၁၈၃၆၂၃ | ၆၄၉၁၉၅ |
| ၄။ | ပြင်သစ် | ၂၂၆၈၉၃၃၂ | ၂၀၆၆၆၃၁၃ | ၁၃၈၀၃၅ |
| ၅။ | ဗြိတိန် | ၁၈၈၀၄၇၆၅ | ၁၇၁၅၃၂၅၃ | ၁၆၁၂၂၄ |
| ၆။ | ရုရှား | ၁၆၃၉၈၀၃၆ | ၁၃၅၇၅၆၅၂ | ၃၅၁၆၆၀ |
| ၇။ | ဂျာမနီ | ၁၄၇၄၅၃၁၂ | ၁၁၀၁၀၇၀၀ | ၁၂၃၃၁၀ |
| ၈။ | တူရကီ | ၁၄၀၂၅၁၈၁ | ၁၃၂၈၉၃၅၂ | ၉၄၂၃၂ |
| ၉။ | အီတလီ | ၁၂၇၆၄၅၅၈ | ၁၁၄၈၇၇၂၀ | ၁၅၄၅၆၀ |
| ၁၀။ | စပိန် | ၁၀၉၇၇၅၂၄ | ၉၁၈၁၇၂၈ | ၉၉၄၁၀ |

## ၂၈-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၆၄၄၄၈ | ၄၈၆၁၄၁၅ | ၁၄၈၃၃၅ |
| ဖိလစ်ပိုင် | ၃၆၆၁၉၉၇ | ၃၅၅၃၃၆၇ | ၅၆၄၅၁ |
| မလေးရှား | ၃၄၁၉၆၃၆ | ၃၀၈၆၂၇၀ | ၃၂၆၇၄ |
| ဗီယက်နမ် | ၃၃၂၁၀၀၅ | ၂၄၁၁၉၁၂ | ၄၀၁၄၄ |
| ထိုင်း | ၂၈၉၁၉၂၇ | ၂၆၅၅၃၄၉ | ၂၂၉၃၆ |
| စင်ကာပူ | ၇၁၀၈၈၀ | ၆၅၀၃၅၉ | ၁၀၀၇ |
| မြန်မာ | ၅၈၇၈၉၁ | ၅၃၄၇၇၄ | ၁၉၃၆၈ |
| လာအို | ၁၄၂၇၄၃ | ၁၄၀၄၉၃ | ၆၂၁ |
| ကမ္ဘောဒီးယား | ၁၃၀၂၇၆ | ၁၂၃၇၇၂ | ၃၀၃၂ |
| ဘရူနိုင်း | ၆၃၅၄၂ | ၃၃၅၁၂ | ၁၂၅ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# လယ်ယာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိ



ဦးစိန်မောင်မြင့်



ဦးဝင်းမြင့်



ဒေါက်တာမိုးမိုးခိုင်





ဦးမန်းမိုး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၈**

**၂၀၂၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အခမ်းအနားကို မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်သည့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စုတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အခမ်းအနားနှင့် ပတ်သက်၍ ရင်တွင်းစကားသံများကို ဖော်ပြအပ်ပါသည် -**

**ဦးစိန်မောင်မြင့်**
**တိုင်းဒေသကြီးဦးစီးမှူး**
**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန**

ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကတော့ တောင်သူလယ်သမားနေ့အခမ်းအနားမှာ တောင်သူတွေ အသိပညာပေးနိုင်ဖို့ ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်နဲ့ ပန်းမန်တွေကို စိုက်ပျိုးပြသပေးထားပါတယ်။ အခုလို စိုက်ပျိုးပြထားခြင်းအားဖြင့် တောင်သူတွေအနေနဲ့ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးခြင်းကြောင့် မိသားစုအပိုဝင်ငွေရရှိစေနိုင်တာကို သိရှိစေလိုတာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြေအသုံးချရေး ပြခန်း၊ မျိုးစေ့ဌာနခွဲပြခန်း၊ ပိုးမွှားရောဂါနဲ့ပတ်သက်တဲ့ ဌာနခွဲပြခန်းဆိုပြီး ပြခန်းသုံးမျိုးကို ထည့်သွင်းပြသသွားမှာလည်း ဖြစ်ပါတယ်။ မြေအသုံးချရေးပြခန်းမှာဆိုရင် တောင်သူတွေကိုယ်တိုင် မြေဆီလွှာ စစ်ဆေးလို့ရနိုင်တဲ့အထိ ခာတ်ခွဲသေတ္တာတွေ စီမံပေးထားတယ်။ တောင်သူကိုယ်တိုင်ဝင်ရောက်ခာတ်ခွဲပြီး မြေနမူနာဘယ်လို ယူရမယ်၊ မြေကို ဘယ်လိုခာတ်ခွဲစမ်းသပ်ရမယ်ဆိုတဲ့သင်တန်းလေးကို စီမံဆောင်ရွက်ပေးထားပါတယ်။ အလားတူပဲ ပိုးမွှားရောဂါပြခန်းမှာဆိုရင်လည်း ခာတုပိုးသတ်ဆေးတွေအစား ဇီဝပိုးသတ်ဆေးတွေ ဘယ်လိုအသုံးပြုရမယ်၊ ဖော်စပ်ပုံ ဖော်စပ်နည်းနဲ့ အသိပညာပေးလက်ကမ်းစာစောင်တွေကိုလည်း ဝေငှပေးသွားမှာဖြစ်ပါတယ်။ မျိုးစေ့ဌာနခွဲပြခန်းမှာဆိုရင်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေကထွက်ရှိတဲ့ မျိုးစေ့တွေကို ပြသပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့အခမ်းအနား ဖွင့်လှစ်ပြီးတဲ့အခါမှာ Talk Show နဲ့ အလုပ်ရုံဆွေးနွေးပွဲကို တောင်သူတွေနဲ့ ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ စိုက်ပျိုးရေး၊ မွေး/ကု၊ ငါးလုပ်ငန်း၊ စက်မှုလယ်ယာ၊ ကျေးလက်အစရှိတဲ့ ဌာနတွေနဲ့ စုပေါင်းပြီးတော့ “တောင်သူဘဝ ဖွံ့ဖြိုးဖို့၊ ခေတ်မီစိုက်ပျိုးမွေးမြူစို့” ဆိုတဲ့ခေါင်းစဉ်လေးနဲ့ တိုင်းအတွင်းမှာရှိတဲ့ တောင်သူတွေဝင်ငွေတိုးလာဖို့ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်ရမယ်ဆိုတဲ့ အသိပညာပေးအစီအစဉ်လေးကိုလည်း ထည့်သွင်းထားပါတယ်။ တောင်သူလယ်သမားနေ့ ကျင်းပတယ်ဆိုတာကတော့ တောင်သူတွေကို ဂုဏ်ပြုဖို့ ဆောင်ရွက်တာဖြစ်လို့ တောင်သူတွေအားလုံး လာရောက်လေ့လာလို့ရပါတယ်။ ကိုဗစ်ရောဂါအကန့်အသတ်ကြောင့် ခရိုင်အလိုက် လေ့လာဖို့ကိုလည်း စီစဉ်ထားပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ တောင်သူတွေကို ဂုဏ်ပြုတဲ့ပွဲ ပြုလုပ်ပေးခြင်းအားဖြင့် မိမိတို့လိုအပ်တဲ့ နည်းပညာတွေကို တောင်သူတွေ လေ့လာနိုင်တဲ့အတွက် များစွာကျေနပ်မိပါတယ်။

**ဦးဝင်းမြင့်**
**ညွှန်ကြားရေးမှူး**
**တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**

မတ်လ ၂ ရက်နေ့မှာ ကျရောက်မယ့် တောင်သူလယ်သမားနေ့အခမ်းအနားကို ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စုမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီ၊ နိုင်ငံ့စပါးကျီ ဧရာဝတီဖြစ်တာနဲ့အညီ မိုးစပါး ၃၇ ဒသမ ၅၇ သိန်း၊ နွေစပါး ၁၄ သိန်း၊ နှစ်စဉ်စပါးစုစုပေါင်း ၅၁ ဒသမ ၅၇ သိန်းကျော် စိုက်ပျိုးလျက်ရှိပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေနဲ့ လယ်ယာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍနဲ့ မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း သတင်းအချက်အလက်တွေကို ပံ့ပိုးပေးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ အသားတင်စိုက်ပျိုးမြေ ၄၈ ဒသမ ၁၂ သိန်းရှိပြီး စုစုပေါင်း စိုက်ဧရိယာ ၈၁ ဒသမ ၉၉ သိန်းကျော် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ အဓိကထားစိုက်ပျိုးတဲ့ စပါးသီးနှံအပြင် မတ်ပဲ၊ ပဲတီစိမ်းအပါအဝင် ပြည်ပပို့ကုန်ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသဖြင့် သီးနှံအမယ်စုံ စိုက်ပျိုးလျက်ရှိပါတယ်။ တောင်သူတွေ ရာသီအလိုက်စိုက်ပျိုးကြတဲ့ သီးနှံစိုက်ဧကစာရင်းတွေ မှန်ကန်ဖို့၊ မကျန်ရှိဖို့၊ ထပ်ပြီးမပါသွားဖို့၊ အချိန်နဲ့တစ်ပြေးညီ တင်ပြနိုင်ဖို့အတွက် ကွင်းဆင်းညှိနှိုင်းပေါင်းစပ်တင်ပြလျက် ရှိပါတယ်။ တောင်သူလယ်သမားတွေရဲ့ သားစဉ်မြေးဆက် အဆက်ဆက်ဘဝအာမခံချက်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) တွေကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးတွေ ပြည့်ဝစွာရရှိခံစားနိုင်ရေး၊ တောင်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဧရာဝတီတိုင်းဒေသကြီးရဲ့ လယ်ယာကဏ္ဍမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးလာစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါက်တာမိုးမိုးခိုင်**
**တိုင်းဒေသကြီးဦးစီးမှူး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ဒီနှစ် တောင်သူလယ်သမားနေ့ပြခန်းမှာတော့ မွေးမြူသူတောင်သူတွေကို ပြောင်းလဲလာတဲ့ မွေးမြူရေးစနစ်တွေနဲ့အညီ မွေးမြူနိုင်တဲ့ ပညာပေးပြခန်းကို ပြသသွားမှာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ မွေးမြူရေးစနစ်နဲ့ဆိုရင် ကျေးလက်တောင်သူတွေ အဓိကထားပြီးမွေးမြူတဲ့ ကျွဲတွေနွားတွေနဲ့ပတ်သက်လာရင် အရင်တုန်းက လွှတ်ကျောင်းတဲ့စနစ်ကို ဆောင်ရွက်ခဲ့ကြတယ်။ အခုနောက်ပိုင်းကျတော့ မျိုးမြှင့်ထားတဲ့ တိရစ္ဆာန်တွေကို လွှတ်ကျောင်းပြီးတော့ မွေးမြူရုံနဲ့တင် မလုံလောက်တော့ဘူး။ အဲဒီအခါမှာ အာဟာရနဲ့ ပြည့်စုံတဲ့ တိရစ္ဆာန်အစာတွေကို စိုက်ပျိုးပြီးတဲ့အခါမှာ ခြံလှောင်မွေးမြူတဲ့စနစ်ကိုပြောင်းလဲ ကျင့်သုံးလာဖို့အတွက် ပညာပေးပြကွက်တွေ ပြသသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် တိရစ္ဆာန်တွေအတွက် အာဟာရပြည့်ဝတဲ့ မြက်မျိုးတွေကို ကျွန်မတို့ကကိုယ်တိုင်စိုက်ပျိုးပြီးတဲ့အခါမှာ ကျွေးမွေးတတ်ဖို့အတွက် မြက်မျိုးလေးတွေကို နမူနာအနေနဲ့ တောင်သူတွေကို ပြသသွားပါမယ်။ ဒါ့အပြင် မြက်မျိုးစေ့ကလေးတွေကိုလည်း တောင်သူတွေကိုအခမဲ့ပေးဝေသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့အခမ်းအနားမှာ ကျွန်မတို့ဌာနနဲ့ တခြားဌာနတွေ ပူးပေါင်းပြီး တောင်သူအသိပညာပေး Talk Show နဲ့ အလုပ်ရုံဆွေးနွေးပွဲကို တောင်သူတွေနဲ့ ပြုလုပ်သွားဖို့လည်း ရှိပါတယ်။ တောင်သူလယ်သမားနေ့အခမ်းအနားကို ကျင်းပပေးခြင်းအားဖြင့် တောင်သူတွေ အမှန်တကယ်လိုအပ်တဲ့ သတင်းအချက်အလက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မယ်။ တောင်သူတွေလိုအပ်တဲ့အကူအညီတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ဘယ်လိုဆက်စပ်ပြီးယူရမယ်ဆိုတဲ့ သတင်းအချက်အလက်တွေကိုမြန်မြန်ဆန်ဆန်သိရှိမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့အခမ်းအနားမှာ ဌာနအသီးသီးက ပြသထားတဲ့ပြခန်းတွေကို ကြည့်ရှုလေ့လာပြီး မိမိတို့လိုအပ်တဲ့ အကူအညီတွေကို အချိန်နဲ့တစ်ပြေးညီ ရယူဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးမန်းမိုး**
**တောင်သူ**
**ဝါးဒူးကျေးရွာ**

ပထမဆုံး ပြောကြားလိုတာကတော့ ကျွန်တော်တို့ရွာမှာ တောင်သူလယ်သမားနေ့အခမ်းအနားကို ကျင်းပတဲ့အတွက် ဝမ်းသာကြည်နူးမိသလို ကျွန်တော်တို့ တောင်သူတွေဘဝ တိုးတက်မြင့်မားအောင် အလေးထားပြီး ဆောင်ရွက်ပေးတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ တောင်သူလယ်သမားနေ့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝပစ္စည်းတွေနဲ့ စိုက်ပျိုးထားတဲ့သီးပင်စားပင်နဲ့ သစ်ပင်ပန်းမန်တွေကို စိုက်ပျိုးပြသပေးထားတဲ့အတွက် တောင်သူတွေအနေနဲ့ နည်းပညာတွေ လေ့လာခွင့်ရရှိမှာဖြစ်သလို အဲဒီနည်းပညာတွေကို ပြန်လည်အသုံးချမယ်ဆိုရင် ကျွန်တော်တို့ တောင်သူတွေအတွက် များစွာအကျိုးရှိမှာလည်းဖြစ်ပါတယ်။ ဒီပွဲမှာ ဌာနဆိုင်ရာပြခန်းတွေနဲ့ လယ်ယာသုံးစက်ကိရိယာပြခန်းတွေကိုလည်း ထည့်သွင်းပြသပေးသွားမယ်လို့ သိရပါတယ်။ လယ်ယာသုံးစက်ကိရိယာပြခန်းတွေပါတဲ့အတွက် မိမိလယ်ယာမြေမှာ အသုံးပြုဖို့ စက်ပစ္စည်းတွေကို လေ့လာဝယ်ယူနိုင်မှာဖြစ်ပြီး တောင်သူတွေအတွက် များစွာအကျိုးရှိမှာဖြစ်သလို စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေလည်း များစွာရရှိနိုင်မှာဖြစ်ပါတယ်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## ဝေါမြို့နယ်၌ နွေစပါးလျာထားကေထက် ပိုမိုစိုက်ပျိုး

**ဝေါ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးများကို မိုးယွန်းကြီးဆည်နှင့် ဧောင်းတူဆည်ရေများဖြင့် နွေစပါး ၁၂၆၉၇ ဧက စိုက်ပျိုးရန် လျာထားသော်လည်း တောင်သူများအနေဖြင့် ၁၃၄၈၂ ဧကအထိ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးထားရာတွင် မိုးယွန်းကြီးဆည်ရေဖြင့် ၁၀၂၇၂ ဧက၊ ဧောင်းတူဆည်ရေဖြင့် ၁၂၅၆ ဧကနှင့် အခြားနည်းရေရရှိမှုဖြင့် ၁၉၅၄ ဧက စုစုပေါင်း ၁၃၄၈၂ ဧကတို့တွင် မနောသုခ၊ ဆင်းသုခ၊ ရက် - ၉၀၊ ရေအနဲလို - ၇ နှင့် မော်ဘီ-၃ စသည့် စပါးအမျိုးအစားတို့ကို အဓိကစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားစသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**လွိုင်ကော် ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားစသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။



**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာအခမ်းအနားသို့ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်တပ်နယ်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်မြို့ ဆရာတော် ဘဒ္ဒန္တပညာစက္က (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်တို့က ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဘာသာရေးဆိုင်ရာ ပွဲတော်များကို သာသနာတော်ထုံးတမ်း အစဉ်အလာနှင့်အညီ အစဉ်အလာမပျက် ကျင်းပဆောင်ရွက်နိုင်မှုများ၊ ပြည်နယ်၏ သာသနာရေးဆိုင်ရာ လူမှုအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ် လှူဒါန်း**

ထို့နောက် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်မြို့ ဆရာတော် ဘဒ္ဒန္တပညာ စက္က (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပပြီး အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၃၉ ကျောင်းရှိ သံဃာတော် အပါး ၃၅၀ တို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ငါးခြောက်၊ နှာခေါင်းစည်းများနှင့် စက်သုံးဆီတို့ကို လှူဒါန်းကြကြောင်း သိရသည်။ **မျိုးဇော်လင်း**

# သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ လစဉ်ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ယင်းကျောင်းတွင် ပြုလုပ်သည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ လစဉ်ဆွမ်း ပဒေသာပင် လှူဒါန်းငွေအဖြစ် (၂၀၂၂ ခုနှစ် ဇန်နဝါရီလ)အတွက် ငွေကျပ်သိန်း ၂၀ ကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးက ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်း ဥပတ္ထမ္ဘကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံယူပြီး**(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **မောင်မောင် (MU)**




# ချင်းပြည်နယ်ဝန်ကြီးချုပ် (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်ပွဲအထိမ်းအမှတ် ကံစမ်းမဲဖောက်ပွဲသို့ တက်ရောက်

**ဟားခါး ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်ပွဲ ကံစမ်းမဲဖောက်ပွဲသို့ တက်ရောက်သည်။

ပြည်နယ် ဝန်ကြီးချုပ်က ယနေ့ ကျင်းပသည့် ကံစမ်းမဲဖောက်ပွဲသည် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည့် (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ကို အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် ပွဲဖြစ်မြောက်အောင် ပူးပေါင်းပါဝင်ကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အသိအမှတ်ပြုသည့်အနေဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ချင်းအမျိုးသားနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့သလို ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆတက်ထမ်းပိုး စည်းစည်းလုံးလုံးဖြင့် ဆက်လက်ကြိုးစား ဆောင်ရွက်ရန် အမှာစကား ပြောကြားသည်။

ယင်းနောက် ကံစမ်းမဲဖောက်ခြင်းအစီအစဉ် ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အလှူရှင်များက ကံစမ်းမဲဖောက်ပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ**(အောက်ပုံ)** ဗလာမပါကံစမ်းမဲဖောက်ခြင်း ဆက်လက်ပြုလုပ်သည်။

ယနေ့ကျင်းပသည့် (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်ပွဲ အထိမ်းအမှတ်ကံစမ်းမဲဖောက်ခြင်းတွင် အထူးဆုအဖြစ် ငွေကျပ်သိန်း ၅၀၊ ဗလာမပါ ကံစမ်းမဲအတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကံစမ်းမဲ ဖောက်ပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ် အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့ များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် မိုင်းပျဉ်းမြို့တို့၌ ဒေသခံပြည်သူ ၇၀၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၇၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၉၁၀၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၆၉ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် / ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတ မင်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြို့မကျောင်းကြီး ကျောင်းတိုက်သို့လည်းကောင်း(ပုံ) မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မရမ်းကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လင်းခေးမြို့နယ်ရှိ နားကုန်းကျောင်း ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ မြို့မစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ကျောက်တန်းမြို့ သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ကျောက်တန်း ဖေဖော်ဝါရီ ၂၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏ (၁၁၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့ (မတ် ၈ ရက်မှ ၁၆ ရက်)အထိ ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာ အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို တပေါင်းလဆန်း ၇ ရက် (မတ် ၈ ရက်) မွန်းတည့် ၁၂ နာရီတွင် စေတီတော် ငါးစပ်ဘုရားတန်ဆောင်းတွင် ဖွင့်လှစ်ပြီး အဘိဓမ္မာဒေသနာတော်မြတ်ကို သံဃာတော် အရှင်သူမြတ် ၃၂ ပါးတို့က ကိုးရက်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

တပေါင်းလပြည့်နေ့ (မတ် ၁၆ ရက်) တွင် စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး အရဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းသပိတ်မျှော ပူဇော်ခြင်းများ ပြုလုပ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေရန် ဂေါပကအဖွဲ့က စီစဉ်ထားကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့်စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှသွင် (ဖုန်း-၀၉ ၉၇၂ ၂၅၂ ၁၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စမ်းစမ်းစိမ့်**

# ရပ်ရွာအခြေပြု စက်ချုပ်သင်တန်း၊ မုန့်လုပ်နည်းသင်တန်းများကို ဌာနဆိုင်ရာများ၊ အခြားလူမှုရေးအဖွဲ့များမှ ချိတ်ဆက်၍ ပူးပေါင်းဖွင့်လှစ်နိုင်

**မန္တလေး ဖေဖော်ဝါရီ ၂၈**
မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအခြေပြုစက်ချုပ်သင်တန်း၊ မုန့်လုပ်နည်းသင်တန်းများကို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖွင့်လှစ်ပေးလျက်ရှိပြီး ဌာနဆိုင်ရာများ၊ အခြားလူမှုရေးအဖွဲ့များမှလည်း ချိတ်ဆက်ပူးပေါင်း ဖွင့်လှစ်နိုင်ကြောင်း မန္တလေးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းအုပ်ထံက သိရသည်။

"အိမ်တွင်းမှုပညာရပ်တွေနဲ့ ကျွမ်းကျင်လုပ်သားတွေဖြစ်လာပြီး မိမိကိုယ်တိုင် ရပ်တည်နေထိုင်နိုင်စေဖို့ ရည်ရွယ်ဖွင့်လှစ်ပေးတာပါ ကျောင်းကနည်းပညာပံ့ပိုးပေးမှာပါ။ စက်ချုပ်သင်တန်းအတွက် အခြေခံအရေးအဖတ် တွက်ချက် တတ်ဖို့လိုပါတယ်။ မုန့်လုပ်နည်းသင်တန်းကတော့ အကန့်အသတ်မရှိပါဘူး" ဟု ကျောင်းအုပ်ဒေါ်ဆွေဆွေမာက ပြောသည်။

သင်တန်းများနှင့်ပတ်သက်၍ မန္တလေးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၈၃ လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြား ဖုန်း ၀၂-၄၀၃၆၇၉၈ နှင့် ၀၉-၉၇၆၁၅၉၃၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းတို့ သိရသည်။

**မောင်အေးချမ်း**

◆ *ကျောဖုံးမှ*
သမိုင်းတစ်လျှောက် ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်သည် သာမန်ပွဲချိန်အတွင်း ဂိုးမရှိသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်၊ အရှုံးအဖြေမပေါ်သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပြီး လီဗာပူးအသင်းက ၁၁ ဂိုး-၁၀ ဂိုးဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

**နည်းဗျူဟာပြောင်းလဲ**

ဗိုလ်လုပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲချိန် ၆၇ မိနစ်တွင် လီဗာပူးအသင်းမှ ဂျိုးမာတစ် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည်။ ထို့နောက်တွင် ချယ်ဆီးအသင်းရော လီဗာပူးအသင်းပါ ကစားသမားအပြောင်းအလဲ၊ နည်းဗျူဟာအပြောင်းအလဲဖြင့် သွင်းဂိုးများရရှိရေး ကြိုးစားလာခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ရရှိခဲ့ခြင်းမရှိချေ။

**တစ်ကျော့ပြန်ဆွတ်ခူး**

ပယ်နယ်တီအဆုံးအဖြတ်တွင် လီဗာပူးအသင်းမှ ကစားသမားများ အမှားအယွင်းမရှိ ဂိုးသွင်းယူနိုင်ခဲ့ပြီး ချယ်ဆီးအသင်းမှ ဂိုးသမားကီပါ ဂိုးပေါက်လွဲချော်ခဲ့သည့်အတွက် လီဗာပူးအသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ လီဗာပူး အသင်းသည် အဆိုပါဖလားကို ၂၀၁၁-၂၀၁၂ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားပြီး ယခုဗိုလ်လုပွဲတွင် ချယ်ဆီးကို အနိုင်ရရှိခဲ့သောကြောင့် တစ်ကျော့ပြန် ဆွတ်ခူးနိုင်ခဲ့သည်။

လာမည့်ပွဲစဉ်တွင် အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် ချယ်ဆီးအသင်းက မတ် ၃ ရက်၌ လူတန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လီဗာပူးအသင်းက နော့ဝှစ်ချ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အောင်ဇော်**

## နဝဒေးတံတား (ပြည်) ရေလမ်းကြောင်းပြောင်းလဲမည်ဖြစ်ကြောင်း ရေလမ်းသတိပေးနှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
ဧရာဝတီမြစ်ကူး နဝဒေးတံတား (ပြည်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၆) နှင့် (၇) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅) နှင့် (၆) ကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၇) နှင့် (၈) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၆)နှင့် (၇) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၇ ပေ ရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားပါသည်။

**သတင်းစဉ်**

## အနော်ရထာတံတား(ချောက်)ရေလမ်းကြောင်းပြောင်းလဲမည်ဖြစ်ကြောင်း ရေလမ်းသတိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
ဧရာဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅) နှင့် (၆) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄) နှင့် (၅) အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ တံတားရေလယ်တိုင်အမှတ် (၅) တည်ရှိရာ မြစ်ကြမ်းပြင်ကို မြစ်ရေတိုက်စားမှု ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင် (၃) နှင့် (၄) အကြား ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး၊ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန် နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ် လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** မှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၃-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရျှင်သုတ် အနတ္တလက္ခဏသုတ်တော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ပိဋကတ်သုံးပုံနှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့
- **၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** 'ရဟန်းတစ်ပါးကြွလာသည်' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- **၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)(အပိုင်း-၁)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်' (အပိုင်း-၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၄၁)
- **၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ရဟန်းစားရသောဆွမ်းတစ်နပ်'

**mitv**

- **07:02** Evergreen Classic: Dhamma Settkyar (Nan Sandi)
- **07:12** The Bamboo Hat
- **07:21** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- **07:46** Elephant Catching and Scaring Trip Mile Stone 26
- **08:01** The Great Po Sein
- **08:27** Ancient Shwe-San-Taw Pagoda
- **08:43** The Golden Triangle
- **09:01** News
- **09:24** Global Partnership for Brighter Future: Iraq Pavilion at Expo 2020 Dubai
- **09:34** Skilful Marionette Performance of New Generation Artistes
- **09:50** Mt. Naw Bu Baw
- **10:01** Horse Cart Driver

**MRTV NRC**

**ဝကော့ကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ ကရင်ရိုးရာရက်ကန်းရက်လုပ်ခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ(အပိုင်း-၄၅)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တစေးပြုလုပ်ခြင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
လှေခွင်းတောင်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အနစ်နာခံသူရဲ့နှလုံးသား

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၉:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)(အပိုင်း-၁)
- **၁၀:၀၀** နိုင်ငံတကာသတင်း (LIVE)
- **၁၀:၁၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- **၁၃:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- **၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၂

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** ဝင်ငွေတိုးစေဖို့ရယ်စပ်မျိုးဖရုံစိုက်ကြမယ်
- **၀၇:၅၀** တောင်သူ့ဘဝ သုတကဏ္ဍ
- **၀၈:၁၅** ရော်ဘာမျိုးခင်းနှင့် အဖူးကူးနည်းသင်တန်း
- **၀၈:၃၀** ကမ္ဘာ့ရေတိမ်ဒေသများအကြောင်း
- **၀၉:၁၅** ဂျူးစိုက်မြေသို့ခရီးတစ်ခေါက်(စိုက်ပျိုးနည်း)
- **၀၉:၄၀** စိုက်ပျိုးထုတ်ကုန်မြှင့်တင်ဖို့ သွားရောက်လေ့လာကြပါစို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့် အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## သီပေါမြို့၌ ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ် အိုမီခရွန် ကာကွယ်ရေး အသိပညာပေး

**သီပေါ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန် ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာ စနစ်တကျ တပ်ဆင်အသုံးပြုရေး လူထုအသိပညာပေး လှုပ်ရှားဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက လမ်းဆုံနေရာများ၊ လူစည်ကားရာ နေရာများနှင့် မြို့နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့မဈေးကြီး၊ ဝက်ဝံပျံကျဈေးတို့၌ ဆောင်ရွက်သည်။

အဆိုပါ လူထုအသိပညာပေး လှုပ်ရှားမှုကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း ဦးဆောင်၍ ပါးစပ်နှင့်နှာခေါင်းစည်း ၁၀၀၀ ကျော်ကို အခမဲ့ ဖြန့်ဝေပေးကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်း အိုမီခရွန်နှင့် ဒယ်လ်တာ ဗိုင်းရပ်စ်ပိုးကူးစက် ဖြစ်ပွားမှုကြိုတင်ကာကွယ်ရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီး ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို မြို့နယ်ကြက်ခြေနီအသင်းက အသံချဲ့စက်ဖြင့် နှိုးဆော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈-၂-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၉၀/၁၇၂၀ ကျပ် | ၁၇၃၀/၁၇၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၇၀၀/၁၇၃၀ ကျပ် | ၁၇၅၅/၁၇၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၈၀/၁၇၄၅ ကျပ် | ၁၇၈၅/၁၇၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၆၀/၁၈၁၀ ကျပ် | ၁၈၉၅/၁၉၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၄၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၁၄၁၄ | ၁၁၂၈၄၈၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၂၀၈၆ | ၆၀၇၆၂၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃၀ | ၂၃၄၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၄၀ | ၇၆၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၈၀၀ | ၁၀၀၁ | ၂၈၀၂၉၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၅၀ | ၂၄၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့

**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# အမျိုးသားစာပေတစ်သက်တာဆုရှင်၊ ရှေးဟောင်းသုတေသီပညာရှင် ဦးထွန်းရီ

**သန်းသန်းစီ(စာပေဗိမာန်)**



အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးထွန်းရီ

စာပေသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဟု ဆိုစမှတ်ရှိပါသည်။ လူမျိုးတစ်မျိုး၏ ရင်းမြစ်ခြေခံ ဇာတိမာန်ကို စာပေအထောက်အထားများမှ တစ်ဆင့် နှောင်းလူတို့ခြေရာခံကြရ၊ သိရှိရ၊ မှတ်သားကြရသည်။ ဇာတိနှင့် အစဉ်အလာကို နည်းနာခံရ၊ ဆင့်ပွားတိုးတက်အောင်ကြံဆောင်ကြရသည်။ ထိုမှတစ်ဆင့် လူ့ယဉ်ကျေးမှုသည်လည်း တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်မြင့်မားလာကြပေသည်။


ထိုသို့တိုးတက်မြင့်မားလာသည့် အကြောင်းအရာများကိုလည်း ခေတ်အဆက်ဆက် စာပေများမှာပင် မှတ်တမ်းတင်ထားကြပေရာ လူ့ယဉ်ကျေးမှုတိုးတက်ခြင်းနှင့် စာပေသည် အညမည သဘောသက်ရောက်လျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

တိုးတက်မှုအတွက် ကြံဆသူများရှိသကဲ့သို့ပင် အတိတ်မှတ်တမ်း၊ အတိတ်လူမှုဘဝများကို မပျောက်ပျက်၊ မကွယ်ပစေလိုသော စေတနာအရင်းခံဖြင့် ခြေရာကောက် သုတေသနပြုကြသူများလည်း လူမျိုးတိုင်း၊ နိုင်ငံတိုင်း၌ ရှိစမြဲဖြစ်ပေသည်။

သုတေသနဟူသော ဝေါဟာရနှင့်ပတ်သက်၍ "သုတေသနသည် ပါဠိဝေါဟာရဖြစ်၍ တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်းဟု မြန်မာအဘိဓာန်က အနက်ဖွင့်ထားသည်။ ထိုသို့ စူးစမ်းရှာဖွေ သုတေသနပြုသူကို သုတေသီဟု ခေါ်ကြသည်။ သိပ္ပံဘာသာရပ်များတွင်လည်း ရှိရင်းဓာတ်၊ ဒြပ်တို့ကို ဓာတ်ခွဲခန်းမှာ ရောနှောခွဲထုတ် အမျိုးမျိုးစမ်းသပ်ကြသည်။ ထိုသို့စမ်းသပ်ရာမှ အဖြေသစ်၊ အသိသစ်များရလာခဲ့သည်။ ဤသည်မှာ သုတေသနပြုလုပ်ခြင်းပင်ဖြစ်ပါသည်" ဟု အမျိုးသားစာပေတစ်သက်တာဆုရ (ကွယ်လွန်သူ) ဆရာမကြီး စည်သူဒေါ်ကြန်က ကျမ်းသုတေသနပြုခြင်းစာအုပ်တွင် ဖွင့်ဆိုခဲ့ဖူးပါသည်။

**အမျိုးသားစာပေတစ်သက်တာဆု ဂုဏ်ပြုချီးမြှင့်**

အမြင်သစ်၊ အဖြေသစ်၊ အသိသစ်ရရှိရေး ရှာဖွေ၊ မွှေနှောက်၊ ပြုစု၊ တည်းဖြတ်ခြင်းသည် သုတေသီတစ်ဦး၏ နိစ္စဓူဝနုသယတိဟု ဆိုနိုင်ကောင်းအံ့ထင်ပါသည်။ ထိုသို့သော လုံ့လများ၊




စေတနာများ၊ ဘဝတစ်လျှောက် နိုင်ငံအကျိုးပြုစာပေလက်ရာများစွာ၊ သုတေသနများစွာ ဖော်ထုတ်ပြုစုခဲ့သည့် ဆရာကြီးဦးထွန်းရီ(ရှေးဟောင်းသုတေသီ)အား နိုင်ငံတော်အစိုးရက အမျိုးသားစာပေတစ်သက်တာဆုကို ဂုဏ်ပြုချီးမြှင့်ခဲ့ပေသည်။

၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို စာရေးဆရာကြီးဖိုးကျော့ (၁၉၄၀) နှင့် ဆရာကြီး ဦးထွန်းရီ (၁၉၃၄) တို့နှစ်ဦးဆွတ်ခူးရရှိခဲ့ပြီး ဆရာကြီးနှစ်ဦးစလုံးပင် ယခုထက်တိုင် အသက်လည်းရှည်၊ ဉာဏ်ရည်လည်းထက်၊ ကလောင်သွက်ဆဲဖြစ်ပေရာ နိုင်ငံနှင့် လူမျိုးအတွက် ဝမ်းမြောက်ဖွယ်ဟု ဆိုရပေမည်။

အမျိုးသားစာပေ တစ်သက်တာဆုချီးမြှင့်ခံရသည့်ကာလတွင် ဆရာကြီး ဦးထွန်းရီက "... ကျွန်တော်က ရှေးဟောင်းစာပေသမားဆိုတော့ လူငယ်တွေကို ရှေးစာပေတွေ စိတ်ဝင်တစား ဖတ်စေချင်တယ်။ အခုက ဖတ်တဲ့လူတော်တော်နည်းတယ်၊ နောင်တစ်ချိန်မှာ ဖတ်ချင်တဲ့သူရှိလာတဲ့အခါမှာ စာအုပ်မရှိမှာစိုးတယ်။ အဲဒီတော့ ကျွန်တော်စုဆောင်းထားတာတွေကိုတော့ ဘာပဲဖြစ်ဖြစ် စာအုပ်ဖြစ်အောင် ကျွန်တော်ကြိုးစားနေတာပေါ့..." ဟု အားမာန်စကား မြွက်ကြားခဲ့ဖူးပါသည်။

ထိုသို့သော သုတေသနစာပေပြန့်ပွားရေး၊ တိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဆရာကြီးဦးထွန်းရီ၏ ဘဝရုပ်ပုံလွှာကို စေ့ငုကြည့်ရာတွင်လည်း ဆရာကြီးအသက် (၃၀) ဝန်းကျင်အရွယ်မှစ၍ ယနေ့အသက် (၈၈)နှစ်အရွယ်တိုင် နှစ်ပေါင်း ၅၀ ကျော်အထိ စာပေသုတေသနလုပ်ငန်းများစွာကိုပင် အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း အံ့သြဖွယ်တွေ့မြင်ရပေသည်။

**○ ဆရာကြီး၏ သုတေသနစာပေလက်ရာများ၏ ဂုဏ်သတင်းသည် ပြည်တွင်းသာမက ပြည်ပသို့တိုင် ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရပေသည်။ ဆရာကြီးသည် ဂျပန်နိုင်ငံ အအိချိတက္ကသိုလ်၌ ဧည့်သည် သုတေသီအဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ရတနာပုံခေတ်ဥပဒေ၊ ကုန်းဘောင်ခေတ်ငွေချေး သက္ကရာဇ်စာချုပ်များ၊ ကုန်းဘောင်ခေတ် စာရင်း ပဒေသာစာအုပ်တို့ကို အင်္ဂလိပ်စာပေဖြင့် သုံးအုပ်၊ မြန်မာစာပေ ဖြင့် ရှစ်အုပ်အထိ ပြုစုထုတ်ဝေခဲ့ကြောင်း မှတ်သားရ**

ဆရာကြီးကို အဘ ဦးသိန်း၊ အမိ ဒေါ်စောခင်တို့က ၁၉၃၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီးနောက် ဇာတိမြေမှာပင် မူလတန်းပြဆရာအဖြစ် နှစ်နှစ်တာဝန်ထမ်းရွက်ခဲ့သေးသည်။ ယင်းနောက် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ဆွတ်ခူးရရှိကာ ဘဏ်လုပ်ငန်းတွင် အငယ်တန်းစာရေးဘဝမှစတင်ကာ မန်နေဂျာရာထူးအထိ အဆင့်ဆင့် တာဝန်ထမ်းရွက်ရာ ထိုကာလများကား ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်ဟု သိရပေသည်။




ဝါသနာအလျောက် ရှေးဟောင်းစာပေပုရပိုက်၊ ကျောက်စာ၊ ခေါင်းလောင်းစာများမှ မြန်မာမှုအစုစုကို ရှာဖွေစုဆောင်းလေ့လာခဲ့ကာ ရှားပါးစာပေများကို မိတ္တူကူးယူလျက် တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ၊ သုတေသီစာပေဝါသနာရှင်များအတွက် မူပွားများစွာကို ဖြန့်ဝေပေးခဲ့ရာ စာတွဲပေါင်း ၂၅၀ ကျော်အထိ ရှိခဲ့သည်ဟုဆိုသည်။

စုစည်းသိုမှီးဖတ်ရှုခဲ့သည့် စာပေကျမ်းဂန်များကို ခြေရာကောက်ကာ စလေဦးပုည ဘဝနှင့်စာပေ၊ ရှေးကစာပေဆုများ၊ မင်းလက်ဝဲနော်ရထာ၊ ရှင်မဟာသီလဝံသ၊ ပြည်သူ့စာဆို မောင်းထောင်ဦးကျော်လှ ဘဝနှင့်စာပေ စသည့် ပင်ကိုရေးစာအုပ် ၁၀ အုပ်ကို ပြုစုထုတ်ဝေခဲ့ရာ မြန်မာစာပေလောကနှင့် သုတေသနပြုလိုသူများအတွက် လက်စွဲကိုးကားပြုစရာများအဖြစ် ယနေ့တိုင် ထင်ရှားနေဆဲဖြစ်ပေသည်။

**အင်္ဂလိပ်စာပေ၊ မြန်မာစာပေဖြင့် ပြုစုထုတ်ဝေခဲ့**

ဆရာကြီး၏သုတေသန စာပေလက်ရာများ၏ ဂုဏ်သတင်းသည် ပြည်တွင်းသာမက ပြည်ပသို့တိုင် ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရပေသည်။ ဆရာကြီးသည် ဂျပန်နိုင်ငံအအိချိတက္ကသိုလ်၌ ဧည့်သည်သုတေသီအဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ရတနာပုံခေတ်ဥပဒေ၊ ကုန်းဘောင်ခေတ်ငွေချေး သက္ကရာဇ်စာချုပ်များ၊ ကုန်းဘောင်ခေတ်စာရင်း ပဒေသာစာအုပ်တို့ကို အင်္ဂလိပ်စာပေဖြင့် သုံးအုပ်၊ မြန်မာစာပေဖြင့် ရှစ်အုပ်အထိ ပြုစုထုတ်ဝေခဲ့ကြောင်း မှတ်သားရသည်။

စာအုပ်စာပေပြုစုထုတ်ဝေခြင်းနှင့်ပတ်သက်၍ မှတ်သားမိသော စကားတစ်ခုရှိပါသည်။ "စာအုပ်ဟူသည်" ရေးသူ၏အလုပ်၊ ထုတ်ဝေသူ၏အမြတ်၊ ဖတ်သူ၏အဆွေ" ဟူ၍။ အချို့သော စာအုပ်စာပေနှင့် လက်ရာများအတွက်မူ အထက်ပါစကားအဆိုမှာ မှန်ဖွယ်ရှိသော်ငြား၊ သုတေသန စာအုပ်စာပေမျိုးသည်ကား ထုတ်သူအတွက် အမြတ်အစွန်းကို ငံ့လင့်ဖို့ရာမသေချာဟု ဆိုဖွယ်ရှိပါသည်။ လူတိုင်းလက်ကိုင်၊ လက်စွဲစာပေအမျိုးအစားထဲတွင် မပါဝင်သည့်အတွက်ကြောင့်ဖြစ်ပါသည်။ သည့်အတွက် ထုတ်ဝေသူတို့အဖို့ ငွေကြေးအမြတ်အစွန်းကိုမမျှော်ကိုး နိုင်ငံနှင့်လူမျိုး စာပေအကျိုးစီးပွားအတွက်သာ ရှေးရှုကြရသည့်အတွက်ဖြစ်သည်။

ဆရာကြီးဦးထွန်းရီကား ကိုယ်တိုင်ကိုယ်ကျ သုတေသနအရပ်ရပ်ကို လုပ်ဆောင်စုစည်းရေးသားသည့် အလုပ်သမားမဟုတ်၊ ထုတ်ဝေသူအလုပ်ကိုပါ ဝံ့ဝံ့စားစားအကျိုးဆောင်ထားသည့် ဆရာကြီးတစ်ဦးလည်း ဖြစ်ပေသည်။ မိမိဝါသနာအရ စုဆောင်းသိုမှီးထားသည့် စာအုပ်စာပေများကို သုတေသနပြုရင်း တစ်ဖက်မှလည်း မိဘဂုဏ်စာပေ၊ မြန်မာ့ဗိမာန် စာပေဘဏ်တို့ကို ထူထောင်ကာ မိမိစုစည်းရေးသားပြုစုသည့် စာပေများသာမက ရှားပါးတိမ်မြုပ်နေသည့် ရှေးဟောင်းရှားပါး စာပေအမှတ်အသားများကို ဖော်ထုတ်လိုပါက




လည်း ကူညီပေးပါမည့်အကြောင်း အခါအားလျော်စွာ လှုံ့ဆော်ကြေညာလျက်ရှိပေသည်။

**ထွန်းဖောင်ဒေးရှင်းစာပေဆု ဆွတ်ခူးရရှိ**

ဘဝတစ်လျှောက် စုစည်းပြုစုခဲ့သည့် စာအုပ်စာပေများ၊ သုတေသနကြိုးပမ်းချက်များ၏ ဝီရိယအကျိုးကိုလည်း ဆရာကြီးကိုယ်တိုင် ပြန်လည်ခံစားခွင့်ရရှိခဲ့သည်ကို တွေ့ရပါသည်။ ထိုအကျိုးကျေးဇူးတို့မှာကား "ကုန်းဘောင်ခေတ် ဖြတ်စာပေါင်းချုပ် (၅) တွဲ" ဖြင့် ၂၀၀၇ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ "ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဒါဘိသိက်ခံယူပုံ (စာပေါင်းချုပ်)" ဖြင့် ၂၀၁၀ ပြည့်နှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ "လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ" ဖြင့် ၂၀၁၁ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ "နန်းသုံးယာဉ်၊ ပရိဘောဂနှင့် နန်းမူပဒေသာကျမ်း" ဖြင့် ၂၀၁၂ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ "ချောင်းဟောင်း ပေါင်းချုပ်နှင့် ချောင်းကဗျာ ဂန္ထဝင်ဋီကာ" ဖြင့် ၂၀၁၃ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆု၊

စာမျက်နှာ ၂၁ သို့





*စာမျက်နှာ ၂၀ မှ*

"ကဗျာ့ရိပ်မြုံစာပန်းရဂုံ" ဖြင့် ၂၀၁၅ ခုနှစ်အတွက် ထွန်းဖောင်ဒေးရှင်းစာပေဆုတို့ကို ဆွတ်ခူးရရှိနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုချည်း ခြောက်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည့် ဆရာကြီး၏စာပေလက်ရာများကိုကြည့်လျှင်လည်း မြန်မာစာပေလောကအတွက် တန်ဖိုးကြီးမားသည့် ရှေးဟောင်းအထောက်အထား အကြောင်းအရာများဖြစ်သည်ကို တွေ့ရပေသည်။

မိမိအနေဖြင့် ဆရာကြီးဦးထွန်းရီ၏ စာပေများနှင့် ကနဦးတွေ့မိသည်မှာ ရာပြည့်စာပေက ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဓါဘိသိက်ခံယူပုံ (စာပေါင်းချုပ်) စာအုပ်ဟုစွဲထင်မှတ်မိနေသည်။ ဘုရင်များ မင်းအဖြစ်ခံယူသည့်မင်္ဂလာကို "ရာဇဘိသိက်" ဟုသာ အမှတ်အသားစွဲယူနေရာမှ စာတစ်အုပ်တွင် မုဒ္ဓါဘိသိက်ဟူသော (မိမိအသိအမှတ်အားနည်းနေသည့်) ဝေါဟာရနှင့် ဆုံတွေ့မိပါတော့သည်။ ဈေးရောင်းပွဲတော်တစ်ခုတွင် ဝယ်ယူဖြစ်ခဲ့သည့် စာအုပ်များအနက် ဆရာကြီး၏ စာတစ်အုပ်ပါဝင်ဖူးသည်ကို သတိရရင်း မွှေနှောက်ရှာဖွေကြည့်ရာမှ ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဓါဘိသိက်ခံယူပုံစာအုပ်ဖြစ်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်ပါသည်။ မိမိအဖို့ လိပ်ခဲတည်းလည်းဖြစ်နေသည့် ဝေါဟာရတစ်ရပ်မှာ ဆရာကြီး၏ စာအုပ်ကြောင့် မုဒ္ဓါဘိသေက အဓိပ္ပာယ်ဖွင့်ဆိုချက်သာမက မောင်းထောင်ဆရာတော်ကြီး၏ မုဒ္ဓါဘိသေက ဒီပနီလာ မင်းမိဖုရားနှင့် အိမ်ရှေ့မင်းတို့နှင့်ဆိုင်သည့် ဘိသိက်အမျိုးမျိုးကိုလည်းကောင်း၊ ဗဒုံမင်းလက်ထက်တွင် ရာဇဘိသေကနှစ်ကြိမ်ခံယူကာ အခမ်းအနားဆိုင်ရာများကို တိုးချဲ့တီထွင် ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပြီး ဦးထိပ်ထက် ရေသွန်းလောင်းမှုအစီစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့ကာ မုဒ္ဓ၊ မုဒ္ဓါ ဝေါဟာရကို စမ်းသပ်သုံးစွဲမှု စတင်ခဲ့ကြောင်းကိုပါ သိမှတ်ခွင့်ရခဲ့ပါသည်။ "မုဒ္ဓ= ဦးထိပ်။ အဘိသေက= ရေသွန်းလောင်းခြင်း၊ မုဒ္ဓါဘိသေက/ မုဒ္ဓါဘိသိက်- ဦးထိပ်၌ ရေစင်သွန်းလောင်း၍ မင်္ဂလာပြုခြင်း၊ ဦးထိပ်တည့်တည့်၌ ခရုသင်းကို မတ်မတ်စိုက်၍ ရေစင်သွန်းသော မုဒ္ဓါဘိသိက်" ဟူသည် ဆရာကြီးဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်ဖွင့်ဆိုချက်ကိုပါ ထပ်ဆင့်သိခဲ့ရပါသည်။

အဆိုပါစာအုပ်ကို မှတ်မှတ်စွဲစွဲရှိနေရာမှ ဆရာကြီးကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံခွင့်၊ ဆရာကြီး၏ ဟောပြောချက်ကို နားဆင်ခွင့်ရခဲ့သည့် မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင်စာတမ်းဖတ်ပွဲ (၂၀၁၉) နေ့ရက်များကိုလည်း ပြန်ပြောင်းသတိရမိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဦးဆောင်ကျင်းပခဲ့သည့် အဆိုပါစာတမ်းဖတ်ပွဲတွင် ဆရာကြီးက "မြန်မာမှုပဒေသာတို့ဖြင့် လွှမ်းခြုံနေသည့် လျှောက်ထုံးကျမ်း သို့မဟုတ် အမေးအဖြေကျမ်းများစာတမ်း"ကို တင်သွင်းဖတ်ကြားခဲ့သည်။ စာတမ်းဖတ်ပွဲအတွင်း ဆရာကြီးဖတ်ကြားသည့် စာတမ်းမှာ ရှေးမြန်မာဘုရင်များလက်ထက် အမေးအဖြေအကြောင်းအချက်များ ဖြစ်ပေရာ ထိုစဉ်က မိမိအနေဖြင့် လေးအီနေသယောင်ခံစားမိငြား အဆိုပါစာတမ်းများကို စုစည်းထားသည့် စာပေဗိမာန်ထုတ် "မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင်စာတမ်းများ" စာအုပ်ထွက်ပေါ်လာ၍





ဖတ်ရှုမိသည့်အခါတွင်မူ မြန်မာစာပေလောကရှိ လျှောက်ထုံးအမည်ပါကျမ်းများ၊ လျှောက်ထုံးအမည်တွင်နေသည့် ဓမ္မသတ်ဖြတ်ထုံးများ၊ ကိုယ်တိုင်ရေးသားချက်များမဟုတ်ဘဲ နှောင်းလူတို့ မှတ်တမ်းတင်ထားသည့် ခိုင်မာမှုမရှိသောစာပေများ၊ မြန်မာမှုဗဟုသုတနှင့် အလှမ်းကွာနေသည့် လျှောက်ထုံးအမည်ပါ စာအုပ်များအကြောင်းကို လေ့လာသိမှတ်ခွင့်ရခဲ့ရာ အဖိုးမဖြတ်နိုင်သည့်သုတများကို ကိုယ်တိုင်ကိုယ်ကျ နားကြားရပါလျက် နားဝေးနေခဲ့မိသည့် မိမိအဖြစ်ကို မချင့်မရဲဖြစ်မိပါတော့သည်။

ဆရာကြီးသည် "ရှေးဟောင်းစာပေ တို့အမွေ မြုပ်လေသမျှ ဖော်ထုတ်ကြ" ဟူသော ကြွေးကြော်သံကိုကိုင်စွဲ၍ ရှေးဟောင်းပေပုရပိုက်များ၊ စာအုပ်စာစောင်များထဲ၌ တိမ်မြုပ်နေခဲ့သော ရှားပါးစာပေနှင့်မှတ်တမ်းများကို ကြိုးစားအားထုတ်စုဆောင်းလေ့လာ၊ ဖတ်ရှုမှတ်သားကာ မိမိနည်းတူပြည်သူများ "ဖတ်- မှတ်- တတ်" နိုင်ရေး လုံ့လကြီးခဲ့သူတစ်ဦးဖြစ်ကြောင်း စာအုပ်များမှတစ်ဆင့် ခြေရာခံခွင့်ရရှိခဲ့ပါသည်။

**သုတေသီတို့ ဝါယမအပေါ် များစွာတည်မှီလျက်ရှိ**

မူလရေးသားခဲ့သည့်အချိန်မှစ၍ ယနေ့တိုင် မူလအတိုင်း တည်ရှိနေဆဲဖြစ်သည့် ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာ၊ မင်စာ၊ ခေါင်းလောင်းစာများကို နှောင်းလူတို့ဖတ်ရှုလေ့လာနိုင်ခွင့်သည် စေတနာ၊ ဝါသနာ၊ အနစ်နာ စသည့် နာသုံးနာအရင်းတည်သည့် သုတေသီတို့၏ ဝါယမအပေါ်တွင် များစွာတည်မှီလျက်ရှိပေသည်။ ဆရာကြီးရေးသားပြုစုခဲ့သည့် စာပေလက်ရာများ၊ စာတမ်းများကိုကြည့်လျှင် ရှေးပေပုရပိုက်၊ ကျောက်စာ၊ မင်စာ စသည့်စာပေများကို နှစ်ကာလများစွာ လုံ့လဥဿာဟပြု၍ ဖော်ထုတ်ရင်း၊ လေ့လာရင်း ဖော်ထုတ်ခဲ့ခြင်းဖြစ်ရာ ဆရာကြီး၏ မြန်မာမှုဗိမာန် စာပေဘဏ်အမှတ်တံဆိပ်တွင် ဖော်ပြထားသည့် "တိမ်ခဲ့ပြီးသည်ကို ဖော်ပါသသူ" ဟူသည်နှင့်အညီ လက်တွေ့ကျင့်ကြံအားထုတ်လျက်ရှိသည်ကိုလည်း တွေ့ရှိရပေသည်။

ဆရာကြီးရေးသားပြုစုထုတ်ဝေခဲ့သည့် ကျမ်းစာတမ်း၊ သုတေသနပြုလေ့လာတွေ့ရှိချက် စာအုပ်များကို ဖတ်ရှုလေ့လာရင်း ဆရာမကြီး ဒေါ်ကြန်ပြုစုခဲ့သည့် "ကျမ်းသုတေသနပြုခြင်း" စာအုပ်ပါဖော်ပြချက်တစ်ရပ်ကို သတိရမိပြန်ပါသည်။ ဆရာမကြီးက "ရှေးခေတ်က အထည်တစ်စ လိုချင်လျှင် ဝါစိုက်သည်မှစရ၏။ အချိန်တန်လျှင် ဝါခူးပြီး ဝါဖန်ရ၊ ဝါဖတ်ရ၏။ ဗိုင်းငင်ချည်ဆွဲ လုပ်ရ၏။ ချည်ဆိုးရ၏။ ရစ်တံထိုးရ၏။ ရက်ကန်းရှယ်ရ၏။ ထို့နောက်မှ ရက်ကန်းစင်တွင်ထိုင်၍ လိုရာအထည်ကို ရက်ရသည်။ ရက်ကန်းသည်၏ ပညာစွမ်း၊ လက်စွမ်းရှိသည်နှင့်အမျှ ရလာသောအထည်သည် အဆင်ဆန်း၏။ အရောင်အသွေးလှ၏။ ထိုသို့ အဆင်ဆန်း အဆင်လှရအောင် ဝါပင်စိုက်သည်မှ စရသည်။ ..... သုတေသနပြုခြင်းသည် ဤဥပမာနှင့်တူသည်ဟု ဆိုချင်ပါသည်။" ဟူ၍ သုတေသနလုပ်ငန်း၏ ကြိုးပမ်းအားထုတ်ရပုံ၊ တစ်ဆင့်ချင်းတစ်ဆင့်ချင်းအလိုက် စိတ်ရှည်ဇွဲသန်စွာဆောင်ရွက်ရပုံတို့ကို ထိမိသောဥပမာဖြင့် ဖွင့်ဟခဲ့ဖူးပေရာ ၁၉၅၃ ခုနှစ်မှစတင်ကာ နှစ် (၇၀) နီးပါး ရှေးဟောင်းသုတေသီအဖြစ် ရပ်တည်လျက်ရှိသည့် ဆရာကြီးဦးထွန်းရီ၏ စိတ်ရှည်၊ ဇွဲသန်၊ အားမာန် လုံ့လတို့ကို အလေးအမြတ်ပြုမိပြန်ပါသည်။




**ထင်ရှားအောင်မြင်လျက်ရှိ**

ဆရာကြီးရေးသားပြုစုခဲ့သမျှ စာအုပ်များအနက် ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဓါဘိသိက်ခံယူပုံ (စာပေါင်းချုပ်)၊ နန်းသုံးယာဉ်၊ ပရိဘောဂနှင့် နန်းမှုပဒေသာကျမ်း၊ နန်းသုံးယာဉ်၊ ပရိဘောဂနှင့် နန်းမှုပဒေသာကျမ်း (ဖြည့်စွက်တွဲ)၊ ချေင်းဟောင်းပေါင်းချုပ်နှင့် ချေင်းကဗျာ ဂန္ထဝင်ဋီကာ၊ ထွက်တော်မူအခင်းအကျင်းနှင့် ဝင်းခင်းမှုအစဉ်အလာကျမ်း၊ မြန်မာ့နန်းသုံးဆင် (မြန်မာမှုအစဉ်အလာနှင့် ဆင်ရတနာ)၊ ကဗျာ့ရိပ်မြုံ စာပန်းရဂုံ





"နိဒါန်း" (အဲချင်းပဒေသာ တေးကဗျာများ)၊ ကဗျာ့ရိပ်မြုံ စာပန်းရဂုံ "နိဂုံး" (ဆယ့်နှစ်ရာသီဖွဲ့)၊ ကဗျာ့ရိပ်မြုံ စာပန်းရဂုံ "ဖြည့်စွက်" (နက္ခတ်တာရာပုံ)၊ ကုန်းဘောင်ခေတ် ပြည်ပရေးရာပဒေသာစာစု၊ ကုန်းဘောင်ခေတ် ဖြတ်စာပေါင်းချုပ်စာတွဲ (၅)တွဲများမှာသုတေသီတို့အဖို့ကားကိုးကားအားထားပြုနေရဆဲ လက်ရာများအဖြစ် ထင်ရှားအောင်မြင်လျက်ရှိပေသည်။

ဆရာကြီးသည် ယခုအချိန်တွင် အသက်အရွယ်အားဖြင့် (၈၈) နှစ်ရှိပြီဖြစ်ပေသည်။ တက္ကသိုလ်ကျောင်းသား၊ ဝန်ထမ်း၊ အရာထမ်း စသည့်လုပ်ငန်းတာဝန်တစ်ဖက်၊ ဝါသနာနှင့် စေတနာ စွက်သည့် သုတေသနလုပ်ငန်းတစ်ဖက် တွဲဆက်လျှောက်လှမ်းခဲ့သည်။ ဆရာကြီး၏ အားမာန်၊ လုံ့လတို့မှာ အားကျဖွယ်၊ လေးစားအတုယူဖွယ်အတိ ဖြစ်ပေသည်။

'ဝါသနာမှ အခြေစခဲ့သည့် စာပေသုတေသနလုပ်ငန်းမှသည် နိုင်ငံ့အကျိုးပြုသုတေသီတစ်ဦးအဖြစ် မိမိတို့လေးစားဂုဏ်ယူရသည့် ဆရာကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် စာပေလက်ရာများအကြောင်း မှတ်တမ်းပြုစုနေရာမှ "မင်းနိုင်ငံက မင်းအတွက် ဘာလုပ်ပေးနိုင်သလဲ မမေးပါနဲ့။ မင်းနိုင်ငံအတွက် မင်းက ဘာလုပ်ပေးနိုင်သလဲမေးပါ" ဟူသည့် အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ၏ အဆိုအမိန့်တစ်ရပ်ကို အမှတ်ရမိပါသေးသည်။

ဆရာကြီးကား မိမိကိုယ်မိမိ 'နိုင်ငံအတွက် ဘာလုပ်ပေးနိုင်သလဲ' ဟူသည့်စကားကို အမြဲမေးလျက် နိုင်ရာကဏ္ဍမှ ထမ်းရွက်ပေးနေသူတစ်ဦးဖြစ်သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ရေးသားအပ်ပါသည်။ ။



# ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်၌ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် ဧက ၁၀၀ စိုက်ပျိုးထားရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က လမ်းဦးစီးဌာန လုပ်ငန်းများနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ညောင်နှစ်ပင်စိုက်ကွင်းများသို့ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တိုက်ကြီးမြို့နယ် တိုက်ကြီး လမ်းပိုင်း မိုင် ၁၆/၀ မှ ၁၆/၄ အထိ အကျယ် ၁၂ ပေမှ ၁၈ ပေအထိ ကွန်ကရစ်ခင်းခြင်း၊ ထန်းတပင်မြို့နယ် ရေတွင်းကုန်း-မြို့ချောင်း- တော်လတီ ရွာသာ လမ်းမိုင် ၁၁/၅ မှ ၁၃/ ၀ အထိ အကျယ် ၁၂ ပေ မှ ၁၈ ပေသို့ ကတ္တရာလမ်းခင်းခြင်းနှင့် အမာခံလမ်းပခုံးကြိတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီအောင်၊ အရည်အသွေး ပြည့်မီအောင်နှင့် သတ်မှတ်ရက်အတွင်း အမြန်ဆုံး ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ညောင်နှစ်ပင် စိုက်ကွင်းသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးဇုန် ၁၊ ၂၊ ၃ များမှ ဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာနနှင့်စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းတို့အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် ဧက ၁၀၀ စိုက်ခင်း၊ မွေးမြူရေး အထူးဇုန်များတွင် ကြက်၊ ဝက်၊ ဘဲ၊ နွား မွေးမြူထားရှိမှုများနှင့် စိုက်ကွင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ကွင်းသည်



ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ဟင်းသီးဟင်းရွက်နှင့် အသားငါးကဏ္ဍများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်ပြီး တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊သို့ဖြစ်၍ ကုန်ထုတ်လမ်းများကောင်းမွန်ရေး၊ လျှပ်စစ်မီးပြည့်ဝစွာရရှိရေး သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးရေးခေတ်မီနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှလည်းဖြန့်ဝေပေးရန်လိုအပ်ကြောင်း ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ ထိုင်ဝမ်ခရမ်းချဉ်သီးစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်


**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ထိုင်ဝမ်ခရမ်းချဉ်သီးမျိုး တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်မှုသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တောင်သူများ ဈေးကောင်းရရှိရန် မျှော်မှန်းနေကြောင်း သိရသည်။



ဆိပ်ဖြူမြို့နယ်၌ ထိုင်ဝမ်ခရမ်းချဉ်သီး တိုင်ထောင်မျိုးများကို ဒေသခံပြည်သူများ ရာသီမရွေး စားသုံးနိုင်ရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန် စိုက်ပျိုးရေး ဆောင်ရွက်သူများက တစ်ပိုင်တစ်နိုင်ထုတ်လုပ်ရောင်းချလျက်ရှိသည်။ လက်ရှိဈေးကွက်အတွင်းသို့ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ဖောက်သည်ဈေး ငွေကျပ် ၃၀၀ မှ ငွေကျပ် ၃၅၀ အထိသာ ရောင်းချနေရပြီး လက်လီ ဝယ်ယူစားသုံးသူများ အနေဖြင့် ငွေကျပ် ၄၀၀ မှ ငွေကျပ် ၅၀၀ ဝန်းကျင်ဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ မိုးနှောင်းကာလ၌ ခရမ်းချဉ်စိုက် တောင်သူများတွင် မိုးရွာသွန်းမှုများကာ ထိုင်ဝမ်ခရမ်းချဉ်တိုင်ထောင်မျိုး စိုက်ခင်းအတွင်း ရေဝင်ရောက်မှုများ၍ ထိခိုက်ပျက်စီးမှုများ ကြုံခဲ့၍ စားသုံးသူများ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ အထိပေး၍ ဝယ်ယူစားသုံးခဲ့ရကြောင်း ခရမ်းချဉ်စိုက်ပျိုးသူ ဦးခင်မောင်ရင်ထံမှ သိရသည်။


**စိုးလင်းနိုင်**
**(ပြန်/ဆက်)**





## Through the Window of Sarpay Beikman

ဤစာအုပ်တွင် စာပေဗိမာန်နှင့် သမိုင်းဝင် ဆိုရန်တိုဗီလာတို့၏ သမိုင်းကောက်ကြောင်း အပြင် စာပေဆုသမိုင်းတို့ကို ထိတွေ့ ဖော်ပြထားသည်။ ထူးခြားသည်မှာ "အမျိုးသားစာပေ တစ်သက်တာဆု" စတင်ဖြစ်ပေါ်လာပုံနှင့် ထိုဆုကြီးကို မွေးဖွား သန့်စင်ပေးလိုက်သူများနှင့် ကိုယ်တိုင်ပါဝင်ခဲ့ရသော ကဏ္ဍတို့ကို ပြည့်စုံစွာ စုဆောင်းတင်ပြထားသည်။ အရှေ့တောင်





အာရှ စာပေဆုနှင့် မြန်မာစာရေးဆရာများ အကြောင်းကို ဆုရသူများနှင့် လိုက်ပါခဲ့သည့် အတွေ့အကြုံများ ပေါင်းစပ်၍ ဖော်ပြထားသည်။ စာပေဗိမာန်ကကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲများ၊ စာအုပ်ပုံအကြားမှ အယ်ဒီတာ၏ အတွေ့အကြုံများ၊ ကိုယ်တိုင် သွားရောက်ခဲ့သည့် စာပေခရီးစဉ်များနှင့် စပ်လျဉ်းသည့် သုတအဖြာဖြာကို ရသနှော၍ ရေးသားထားသော စာအုပ် ဖြစ်သည်။

ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက် တည်ထောင်ခြင်း (၂၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပြီး ကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

# လွိုင်လင်မြို့နယ် ပန်လင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**လွိုင်လင် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပန်လင်းကျေးရွာရှိ လယ်ယာမြေဧက ၅၀၀ မှ လယ်ယာထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပန်လင်းကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းမှာ အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ ထု ကိုးလက်မရှိ သဲဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ခုဘဏ္ဍာနှစ်ခြောက်လတာကာလတွင် ရှမ်းပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၇၉သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ပထမပတ်ကစတင်၍ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအချိန်တွင်လုပ်ငန်းများ ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက လယ်ယာမြေဧက ၅၀၀ မှ လယ်ယာထွက်ကုန်သီးနှံများကို လွိုင်လင်၊ ပင်လုံ၊ နမ့်စန်၊ တောင်ကြီးမြို့ကြီးများရှိ ဈေးကွက်သို့ အချိန်မီရောက်ရှိတော့မည် ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ပြောသည်။

**ငြိမ်းသူ**

# မိုင်းခုတ်မြို့ မိုင်းလုံးကျေးရွာအုပ်စု၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

**မိုင်းခုတ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခုတ်မြို့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လအတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မိုင်းလုံးကျေးရွာအုပ်စု ဝမ်ပြန်ကျေးရွာမှ ဝမ်အင်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်း တစ်မိုင်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လအတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၇၁၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး အချိန်မီပြီးစီးနိုင်ရေးနှင့် သတ်မှတ်အရည်အသွေး ပြည့်မီရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအားလွန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။



**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

လမ်းမီးများကို အလင်းရောင်ရှိသော အချိန်များ၌
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားတပ်ဆင်နေမှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ပဲခူး ဖေဖော်ဝါရီ ၂၈**

ပဲခူးမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်တွင် ဓာတ်လှေကား တပ်ဆင်တည်ဆောက်နေမှုမှာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါဓာတ်လှေကားကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်၍ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ငွေကျပ်သိန်း ၂၇၀၀ ကျော် အကုန်အကျခံကာ ဟင်္သာကုန်းစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်စောင်းတန်းအောက်ခြေအနီးမှ စေတီတော်ရင်ပြင်အထိ အလျား ၇၇ ပေ၊ အမြင့် ၆၉ ပေ၊ လှျောက်လမ်းအကျယ် ၈ ဒသမ ၅ ပေရှိ လူ ၁၂ ယောက် အတက်/အဆင်းစီးနိုင်သော ဓာတ်လှေကား အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၃) ပဲခူးတိုင်း ဒေသကြီးမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဓာတ်လှေကား တပ်ဆင်တည်ဆောက်ရန်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်မှစ၍ စေတီတော်မြတ်ကြီး၏ မြေကာနံရံများ ပျက်စီးထိခိုက်မှုမရှိစေရန် သံကူကွန်ကရစ်မြေကာ နံရံပြုလုပ်ခြင်း၊ ဓာတ်လှေကားအိမ်နှင့် လှျောက်လမ်းတည်ဆောက်ရန် RCC Pile များ ရိုက်သွင်းဆောင်ရွက်ခြင်းများပြုလုပ်ပြီး တည်ဆောက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာဒေါ်ချိုချိုလွင်က ပြောကြားသည်။

အဆိုပါဓာတ်လှေကားကို ၂၀၂၂ ခုနှစ် မတ်လအတွင်း တည်ဆောက်နေမှုလုပ်ငန်းအားလုံး အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်လှေကားတပ်ဆင်တည်ဆောက်ပြီးစီးသွားပါက သမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများသည် ဓာတ်လှေကားဖြင့်လည်း စိတ်အေးချမ်းသာစွာဖြင့် သက်သောင့်သက်သာ ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



သမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားတည်ဆောက်နေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၂) အစည်းအဝေး ကျင်းပစဉ်။

# ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဖော်ဆောင်လျက်ရှိ

**တောင်ကြီး ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကော်မတီ(၃)ရပ်ကို ဖွဲ့စည်း**

ရှမ်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေအရ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ခရီးသွားလုပ်ငန်း ကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီစသည့် ကော်မတီ(၃)ရပ်ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်များက တာဝန်ယူပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် (၁၃) ချက်ကို အဓိကဖော်ဆောင်လျက်ရှိနေကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများသည် သိသိသာသာ ကျဆင်းလျက်ရှိနေပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များ မလာရောက်နိုင်သေးသည့်ကာလတွင် ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်းကို လည်ပတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အထူးဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ(၄၂၀) ရှိပြီး ၎င်းတို့အနက် ပြန်လည်ဖွင့်လှစ် လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၁၁ လုံးကို ဒေသဆိုင်ရာ အသိအမှတ်ပြုတံဆိပ်ကို ပေးအပ်နိုင်ခဲ့ကာ ဟိုတယ် ရှစ်လုံးကို အမျိုးသားအဆင့် အသိအမှတ်ပြုတံဆိပ်များ ပေးအပ်နိုင်ကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေး သင်တန်းများ ဖွင့်လှစ်ပို့ချမှုအနေဖြင့် ဟိုတယ် ၆၅ လုံး၊ ခရီးစဉ် သုံးခုတွင် သင်တန်းသား ၁၂၉၆ ဦးကို ပို့ချပေးနိုင်ခဲ့ပြီး ဟိုတယ်နှင့် တည်းခိုရိပ်သာ ဝန်ထမ်းများ၏ ၉၉ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က လက်ရှိခရီးသွားလုပ်ငန်း အခြေအနေများအား ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူရန် ကိစ္စရပ်များနှင့် မှတ်တမ်းတင်ရန်ကိစ္စများ ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကရင်ပြည်နယ်၌ ၂၀၂၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၄၄၁ မှု ဖော်ထုတ်ဖမ်းဆီးရမိခဲ့

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကမ္ဘာနှင့် မြန်မာတွင် မူးယစ်ဆေးဝါးပြဿနာသည် ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး မိမိတို့ပြည်နယ်တွင် တွေ့ရှိရအများဆုံးမှာ စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုမရှိသော်လည်း သုံးစွဲမှု၊ သယ်ဆောင်ရောင်းဝယ်မှုများ ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၄၁ မှု၊ တရားခံ ၆၄၇ ဦး၊ ကား ၃၂ စီး၊ ဆိုင်ကယ် ၉၃ စီး၊ ဖုန်း ၂၃၉ လုံး၊ လက်နက် ခြောက်လက်၊ ကျည်အတောင့် ၉၀၊ ဗုံး ၁၆ လုံးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးကြောင့် ပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို ထိခိုက်ပျက်စီးစေပြီး နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် ပြည်နယ်၏ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ထိခိုက်စေလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက်ဆောင်ရွက်မှသာ အနာဂတ်လူငယ်များ၏ ဘဝကောင်းမွန်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အမှာစကားပြောကြားပြီး ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ယာယီရဲမှူး မျိုးမင်းက လက်ရှိဆောင်ရွက်နေသည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဝင်များက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းအောင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်ထိ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် ပိုမိုဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**




# ယင်းမာပင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် သပြေအေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ခိုအောင်းရောက်ရှိနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်း အချို့ကျေးရွာများ၌ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိခိုအောင်းလျက်ရှိပြီး ဒေသတွင်းဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား မိုင်းထောင်၊ မိုင်းခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားပြည်သူများအား အဓမ္မခြိမ်းခြောက်ဆက်ကြေးတောင်းခံခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်လိုသည့် တာဝန်သိ ပြည်သူအချို့က သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ရှာဖွေဖော် ထုတ်ဖမ်းဆီးစဉ် ယင်းမာပင်မြို့နယ် သပြေအေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ကျေးရွာ၏ မြောက်ဘက်နှင့် အနောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဘုန်းကြီးကျောင်းနှင့် ကျေးရွာစာသင်ကျောင်းတို့ကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သူ အလောင်းအချို့၊ လက်လုပ်စိန်ပြောင်း ငါးလက်၊ လက်လုပ်စိန်ပြောင်းဖုံးသီး ခုနစ်လုံး၊ လက်လုပ်သေနတ်မျိုးစုံ ၄၅ လက်၊ ကျည်မျိုးစုံ ၁၅၇ တောင့်၊ လက်လုပ်လက်ပစ်ဗုံး ကိုးလုံး၊ ပြုလုပ်ဆဲလက်လုပ် သေနတ်ပြောင်း ၇၈ ချောင်း၊ လက်ဆွဲမီးစက် တစ်လုံး၊ ယမ်းမှုန့်၊ ဆေးမျိုးစုံနှင့် အခြားဆက်စပ်ပစ္စည်းများ၊ ၎င်းတို့ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ SKAT အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီးနှင့် လေ့ကျင့်ရေးကွင်းတို့ကို သိမ်းပိုက်ရရှိခဲ့သည်။




ယင်းမာပင်မြို့နယ် သပြေအေးကျေးရွာ၌ ရောက်ရှိခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာပြမြေပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ။



သိမ်းဆည်းရမိသည့် လက်လုပ်စိန်ပြောင်းများ။



PDF အမည်ခံ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လေ့ကျင့်ရေးကွင်း။



သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းပစ္စည်းများ။

အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သည့် ပစ်မှတ်များ မဟုတ်သော ဘာသာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စခန်းချအခြေပြု အကာအကွယ်ယူ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူး လွန်ရာရောက် ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများကို ပြည်သူလူထုတို့နှင့်အတူ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဆိပ်ကမ်းကပ်ခ အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးသည် မိမိရေလမ်းနယ်မြေအတွင်းရှိ အောက်ဖော်ပြပါ ဆိပ်ကမ်း ၄၂ ခုအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ)အတွက် ငှားရမ်းလုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာခရိုင်အလိုက် လေလံတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဆိပ်ကမ်းကပ်ခကောက်ခံခွင့် အိတ်ဖွင့်လေလံတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ခရိုင်အမည် | ဆိပ်ကမ်းကပ်ခ လေလံခေါ်ယူမည့်ဆိပ်ကမ်းများ |
|---|---|---|
| ၁ | ပုသိမ်ခရိုင် | ကန်ကြီးထောင့်မြို့မဆိပ်ကမ်း၊ ဒါးကဆိပ်ကမ်း၊ မြင်းကဆိပ်ဆိပ်ကမ်း၊ ကန်ရွာဆိပ်ကမ်း၊ ရှမ်းရွာဆိပ်ကမ်း၊ ကျောင်းကုန်းမြို့မဆိပ်ကမ်း၊ ကျုံပျော်မြို့မဆိပ်ကမ်း၊ အသုတ်ဆိပ်ကမ်း၊ ငါးသိုင်းချောင်းဆိပ်ကမ်း၊ သာပေါင်းမြို့မဆိပ်ကမ်း |
| ၂ | မြောင်းမြခရိုင် | မြောင်းမြမြို့မဆိပ်ကမ်း၊ စကားမြားဆိပ်ကမ်း၊ ပြင်ရွာဆိပ်ကမ်း၊ အိမ်မဲမြို့မဆိပ်ကမ်း၊ ဝါးခယ်မမြို့မဆိပ်ကမ်း၊ ကျုံမငေးဆိပ်ကမ်း၊ ရွှေလောင်းဆိပ်ကမ်း၊ ကျွန်းကုန်းဆိပ်ကမ်း၊ |
| ၃ | လပွတ္တာခရိုင် | လပွတ္တာမြို့မဆိပ်ကမ်း၊ ဘီတွတ်ဆိပ်ကမ်း၊ ကန်ဘက်ဆိပ်ကမ်း၊ ကြာကန်ဆိပ်ကမ်း၊ မော်ကျွန်းမြို့မဆိပ်ကမ်း၊ |
| ၄ | မအူပင်ခရိုင် | မအူပင်မြို့မဆိပ်ကမ်း၊ ရေလဲဆိပ်ကမ်း၊ ရွှေတောင်မော်ဆိပ်ကမ်း၊ ကျွဲဒုံးဆိပ်ကမ်း၊ အင်းမ(မအူပင်)ဆိပ်ကမ်း၊ အိုင်ဝိုင်းလှေအပ်ဆိပ်၊ ပန်းတနော်ဆိပ်ကမ်း၊ ညောင်တုန်းမြို့မဆိပ်ကမ်း၊ ဓနုဖြူမြို့မဆိပ်ကမ်း |
| ၅ | ဖျာပုံခရိုင် | ဖျာပုံမြို့မဆိပ်ကမ်း၊ ဘိုကလေးမြို့မဆိပ်ကမ်း၊ ကျိုက်လတ်မြို့မဆိပ်ကမ်း၊ ဒေးဒရဲမြို့မဆိပ်ကမ်း၊ ညောင်တပင်ဆိပ်ကမ်း၊ |
| ၆ | ဟင်္သာတခရိုင် | ဟင်္သာတမြို့မဆိပ်ကမ်း၊ မြန်အောင်မြို့မဆိပ်ကမ်း၊ ကနောင်ဆိပ်ကမ်း၊ ကြံခင်းမြို့မဆိပ်ကမ်း၊ ဇလွန်မြို့မဆိပ်ကမ်း |

**လေလံပုံစံယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့

**လေလံပုံစံရောင်းချမည့်ရက်** - ၁-၃-၂၀၂၂ ရက်မှ ၂၅-၃-၂၀၂၂ ရက်အထိ (ရုံးချိန်အတွင်း)

၂။ **လေလံဖွင့်လှစ်မည့်ရက်စွဲ၊ အချိန်နှင့်နေရာ**

| စဉ် | ခရိုင်အမည် | လေလံဖွင့်လှစ်မည့် ရက်နှင့်အချိန် | လေလံဖွင့်လှစ်မည့်နေရာ |
|---|---|---|---|
| ၁ | မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ ဟင်္သာတခရိုင် | ၂၈-၃-၂၀၂၂ ရက် နံနက် ၁၀:၀၀ နာရီ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ |
| ၂ | ပုသိမ်ခရိုင် မြောင်းမြခရိုင် လပွတ္တာခရိုင် | ၂၉-၃-၂၀၂၂ ရက် နံနက် ၁၀:၀၀ နာရီ | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ |

၃။ လေလံပုံစံများကို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၀၄၂-၂၉၁၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆၆ ၊ မြေကွက်အမှတ်- ၁၉၆၊ ဧရိယာ- ၅၀ ပေ × ၁၀၀ ပေ ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးသက်လွင် (၁၂/ကတတ (နိုင်) ၀၂၂၄၃၈) ၏အမည်ဖြင့် ခွင့်ပြုချထားပေးသောမြေကွက်ဖြစ်ပြီး၊ ဦးသက်လွင် (ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီ) ထံမှ ဦးတင်မောင်ဌေး (၁၃/ပတယ (နိုင်) ၀၀၈၉၂၇) က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ခင်ပွန်း ဦးတင်မောင်ဌေး ကွယ်လွန်ခဲ့သဖြင့် တစ်ဦးတည်းသောတရားဝင်ဇနီးအဖြစ် အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဒေါ်ချိုချို (၁၃/ပတယ (နိုင်) ၀၀၈၉၂၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

## ကန့်ကွက်နိုင်ပါကြောင်း ပြည်သူအပေါင်းသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၈၈၇)၊ အလျား (၄၀)ပေxအနံ (၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ ဒေါ်မြတ်သက်သက်နှင်း အမည်ပေါက် ၊ နှစ်(၆၀)ဂရန် မြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်နှင့် စပ်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိကဝတ်ပြုသူ ဦးဝင်းနိုင် ၁၄/မမန(နိုင်)၀၀၀၅၁၁ ထံမှကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ချစ် ၁၂/တမန(နိုင်)၀၉၂၃၈၈ ကအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူအပေါင်းသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်ဇော် | ဦးမျိုးအောင် | ဒေါ်အိအိဖြူ |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၆၆၃၅) | (စဉ်-၅၄၃၁၉) | (စဉ်-၁၅၄၈၀) |
| B.Sc., P.G.D.L., H.G.P, | B.A., P.G.D.L.,D.B.L | LL.B., D.L.P |
| W.I.P.O(Switzerland) | W.I.P.O(Switzerland) | W.I.P.O(Switzerland) |

i Myanmar International Law Firm
အခန်းအမှတ်(၁၁၀၃)၊ ဝေဇယန္တာတာဝါ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်
ဖုန်း-၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၅၀၈၈၇၄၂
Email- myo535590@gmail.com

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/4740 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီအုပ် ၇/ပခန(နိုင်)၂၅၀၁၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမမြို့သစ်နေ (ဘ)ဦးခင်ဦး၏သား မောင်အောင်မျိုးထက်အား မောင်အောင်ပိုင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပိုင်ဖြိုး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၁၀၄၅၅ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခင် ၁၀/သထန(နိုင်)၁၄၂၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကံမမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁

မမိုးမိုး နှင့် ၁။ ကိုမျိုးကိုဦး
၂။ မသိဂီဝင်း

တရားလို တရားပြိုင်များ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်ကျေးရွာနေ မသိဂီဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို မမိုးမိုးက မိသားစုအမွေခွဲဝေရာမှ တရားလိုရရှိသောအမွေဝေစုအတွက် ပေးအပ်ရန် ကျန်ငွေ ၂၅သိန်းကျပ်အား ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ် ၁၀ရက်(၁၃၈၃ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇူဇန်မင်း)
မြို့နယ်တရားသူကြီး
ကံမမြို့နယ်တရားရုံး

## ၁၅-၂-၂၀၂၂ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၃) နှင့် ပတ်သက်၍ ဒေါ်နီလာဦး၏အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

၁၅-၂-၂၀၂၂ရက်ထုတ်မြန်မာ့အလင်းသတင်းစာကြေညာချက်အပေါ် ဒေါ်နန်းဖြူဖြူအောင် (ကိုယ်စားလှယ်ဦးသိန်းလွင်)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်-

လူကြီးမင်း ဒေါ်နီလာဦး၏ ကြေညာချက်တွင် ၂၄-၁-၂၀၁၁ရက်က ဝယ်ယူလက်ဝယ်ရရှိထားခဲ့ပါသည်ဟု ဖော်ပြထားပြီးမြေကွက်အမည်ပေါက်နှင့် မည်သူ့ထံမှ မည်ကဲ့သို့သော နည်းလမ်းဖြင့် လက်ဝယ်ထားရှိကြောင်းချန်လှပ်ကြေညာထားပါသည်။

ကျွန်တော်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်နန်းဖြူဖြူအောင်သည် မူလမြေချပါမစ်ပိုင်ရှင် ဦးစန်းမြင့်ထံမှ ဝယ်ယူခဲ့ပြီးလက်ရောက်ရရှိကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် မြေချပါမစ်ပျောက်ကို ပြဋ္ဌာန်းချက်အတိုင်း လျှောက်ထားခဲ့ရာ ၇-၄-၂၀၁၇ရက်ကပင် ဒေါ်နန်းဖြူဖြူအောင် အမည်ပေါက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ဒေါ်နန်းဖြူဖြူအောင်က ကျွန်ုပ်၏အမှုသည် ဦးသိန်းလွင်အား (ကိုယ်စားလှယ်လွှဲစာ)ဖြင့် ရောင်းချပိုင်ခွင့်ပေးသောကြောင့် လူကြီးမင်း သတင်းစာ ကြော်ငြာမတိုင်မီကပင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။

လူကြီးမင်း၏ကြေညာချက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဖြူဖြူအောင် (ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိန်းလွင်)တို့နှင့် (လုံးဝ)သက်ဆိုင်ခြင်း မရှိကြသဖြင့် ကြေညာချက်ကို ငြင်းဆန်ကန့်ကွက်ကြေညာအပ်ပါသည်။ လူကြီးမင်းအနေဖြင့် အဆိုပါ မြေချပါမစ်(မူရင်း)အားလွှဲပြောင်းပေးသူနှင့်သာ ဖြေရှင်းဆောင်ရွက်ရန်သာဖြစ်ကြောင်း အတိအလင်းဖြေရှင်းကြေညာအပ်ပါသည်။

**ဒေါ်နန်းဖြူဖြူအောင်၏(ကိုယ်စားလှယ်လွှဲစာ)ရရှိထားသူ**
**ဦးသိန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုအောင်(တရားလွှတ်တော်ရှေ့နေ) ဦးစိုးအောင် (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၆၄၉၄) LL.B, D.B.L(Dip in English) (စဉ်-၆၉၁၄) (B.A, R.L,D.B.L,B.D.S)**
အမှတ်(၁၆၀) ၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၀၇၉၃၄၂၈၄၊ ၀၉-၄၅၀၀၂၄၀၃၇

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာသစ်ရပ်ကွက်၊ ငုရွှေဝါလမ်းမကြီး၊ အမှတ်(၄/၁၃၁)နေ ဦးနိုင်လင်း ၈/ပဖန(နိုင်) ၀၇၁၈၁၅မှ ၂၃-၉-၂၀၁၆ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၇၃၀/၂၀၁၆)ဖြင့် ဒေါ်တင်မိုးခိုင် ၁၄/မအန(နိုင်)၁၆၁၅၆၄ ထံသို့ ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါဒေါ်တင်မိုးခိုင်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၇၃၀/၂၀၁၆)အား ဆက်လက်သုံးစွဲရန် မလိုအပ်တော့သည့်အတွက် ဦးနိုင်လင်းမှ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးနိုင်လင်း | ဦးထက်အောင်မင်း(LL.B) |
| ၈/ပဖန(နိုင်)၀၇၁၈၁၅ | အထက်တန်းရှေ့နေ |
| | (စဉ်-၄၆၄၄၉/၂၀၁၅) |
| | အမှတ် ၂၅၉၊ ကျောက်စိမ်း ၂လမ်း၊ |
| | ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ |
| | ဖုန်း-၀၉-၅၁၇၁၈၆၇ |

## ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၁၉၈)ဒုတိယထပ်(ဝဲဘက်ခန်း)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၁၉၈)ဒုတိယထပ်(ဝဲဘက်ခန်း)ဟုခေါ်တွင်သော (၁၂/၂ ပေx ၅၀ပေ)ရေမီးစုံ ပါဝင်သောတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်မြအေးစံ ၁၂/ကတတ(နိုင်)၀၁၈၃၀၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်အေးအေးရီ ၁၂/ကတတ(နိုင်)၀၂၀၈၈၆ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြသီတာ | ဒေါ်အေးသန္တာမင်းအောင် |
|---|---|
| LL.B | LL.B,D.B.L |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၄) |
| ဖုန်း-၀၉-၄၂၁၁၄၀၃၂၉ | ဖုန်း-၀၉-၄၂၀၀၇၂၄၉၄ |

အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊

## MR.YEOH KAN AUN(Passport No. K-0132517N)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(စီ)တွင် တည်ရှိသော Asia Express(Ygn:)Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမောင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ URBAN ASIA CENTER ၏ မြေညီထပ်၊ တိုက်(A)၊ အခန်းအမှတ် G-6, G-7 ဆိုင်ခန်းနှစ်ခန်းကို ကျွန်ုပ်၏အမှုသည် ကုမ္ပဏီက ပိုင်ဆိုင်ပါသည်။

ယင်းဆိုင်ခန်းနှစ်ခန်းကို ၁-၁၁-၂၀၁၉ရက်စွဲပါ "ဆိုင်ခန်းငှားရမ်းခြင်း နှစ်ဦးသဘောတူစာချုပ်အရ" Mr.YEOH KAN AUN(Passport No. K-0132517N) သို့ ၁-၁၁-၂၀၁၉ရက်မှ ၃၁-၁၀-၂၀၂၀ရက်အထိ ၁၂လသက်တမ်းဖြင့် စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ပါသည်။ ယင်းအခန်းများတွင် (800 Bowls စားသောက်ဆိုင်) ဖွင့်လှစ်ရောင်းချရန် စည်းကမ်းချက်များထား၍ အငှားချထားခဲ့ခြင်းဖြစ်ပါသည်။

အငှားယူသူ Mr.YEOH KAN AUN သည် စာချုပ်ပါ သက်တမ်းအတွင်း ငှားရမ်းခများ အကျေမပေးသွင်းသည်သာမက ငှားရမ်းခြင်းသက်တမ်းများစွာ ကျော်လွန်ခဲ့သော်လည်း စာချုပ်ပါစည်းကမ်းချက်များပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် ဆိုင်ခန်းများကို သံကြိုးပတ်သော့ခတ်ကာ စွန့်ပစ်ထားခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ အခန်းနှင့်စပ်လျဉ်းသော နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခ၊ လျှပ်စစ်မီတာကြွေးကျန်များကိုလည်း တမင်မပေးဆောင်ဘဲ ရှောင်လွှဲလျက်ရှိနေပါသည်။ ယင်းအတွက်လည်း သက်ဆိုင်ရာတို့က ကျွန်ုပ်အမှုသည်ထံသို့ ဆက်သွယ်စုံစမ်းခြင်းများလည်း အကြိမ်ကြိမ်ပြုလျက်ရှိပါသည်။

သို့အတွက် Mr.YEOH KAN AUN နှင့် သက်ဆိုင်သူများသည် အထက်ပါဆိုင်ခန်းနှစ်ခန်း၌ သံကြိုးပတ်သော့ခတ်ထားခြင်းကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဖွင့်လှစ်ဖယ်ရှားပေးရန်နှင့် နိုင်ငံတော်နှင့် သက်ဆိုင်သော အခွန်အခ၊ လျှပ်စစ်မီတာကြွေးကျန်များကို လာရောက်ရှင်းလင်းထမ်းဆောင်ပေးရန် သဘောရိုးဖြင့် ကြေညာပါသည်။

Mr.YEOH KAN AUN မှ ကိုယ်တိုင်လာရောက်ရှင်းလင်းပေးရန် မေတ္တာဖြင့် ဖိတ်ခေါ်ပါသည်။ အကယ်၍ လူကြီးမင်းကိုယ်တိုင် မလာရောက်နိုင်ပါက လူကြီးမင်း၏ ကိုယ်စား လာရောက်ရှင်းလင်းနိုင်သူကို တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် လည်းကောင်း၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ တရားဝင်စည်းဝေးဆုံးဖြတ်ချက် အထောက်အထားဖြင့် လည်းကောင်း၊ စေလွှတ်ဖြေရှင်းပေးပါရန် ဖိတ်ခေါ်ပါသည်။

အကယ်၍ ထိုသို့ဥပဒေနှင့်အညီ မဆောင်ရွက်ပါက နိုင်ငံတော်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများထံ တရားဝင်အကြောင်းကြား အကူအညီတောင်းခံကာ အဆိုပါဆိုင်ခန်းနှစ်ခန်းတွင် သံကြိုးပတ်သော့ခတ်ထားခြင်းများကို ဖယ်ရှား၍ စာချုပ်စည်းကမ်းချက်များပါအတိုင်း ဆိုင်ခန်းများကို ကျွန်ုပ်အမှုသည်က ပြန်လည်လက်ရောက်ရယူရန် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မှတ်ချက်**။ ။ 800 Bowls စားသောက်ဆိုင်နှင့် သက်ဆိုင်သော ကုမ္ပဏီဖျက်သိမ်းခံရပါကလည်း အမြန်အကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမြင့်(LL.B, D.B.L)၊ (စဉ် - ၇၂၅၂)**
**ဒေါက်တာမောင်မောင်ဦး၏ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၉၊ (ပ-ထပ်)၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း(အလယ်)၊ အမှတ်(၂၈-အေ)၊ (၈)လွှာတွင်နေထိုင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/ပဇတ(နိုင်)၀၄၀၃၆၇ ကိုင်ဆောင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **Mamed Yacoob** ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း(အလယ်)၊ အမှတ်(၁၃၇)၊ ဒုတိယထပ်(ညာဘက်)အခန်းအမည်တွင်သော တိုက်ခန်းသည် အမေရိကန်နိုင်ငံ၌ရောက်ရှိနေသော ဒေါ်ဆူစီးလာ(ခ)**Siti Aminah Binti** တစ်ဦးတည်းပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသောတိုက်ခန်းဖြစ်ပြီး ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပေးထားသည့် သန်းခေါင် စာရင်းမိသားစုဝင်တစ်ဦးလည်းဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ဖြင့်ပတ်သက်၍ ဒေါ်ဆူစီးလာ(ခ)**Siti Aminah Binti** က ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **Mamed Yacoob** အား အထက်စာရင်းတွင်ဖော်ပြပါရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အထွေထွေအရပ်ရပ်သောအရေးကိစ္စများကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဆူစီးလာ(ခ) **Siti Aminah Binti** ၏ ကိုယ်စားစီမံခန့်ခွဲ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အိမ်ခန်းလက်ရောက်ရယူခြင်းအစရှိသည့် ကိစ္စအဝဝတို့ကို အထွေထွေကိုယ်စားလှယ်လွှဲအပ်စာတွင် ဖော်ပြပါရှိသောလုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ရန် ၂၀၂၂-ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့စွဲပါ GENERAL POWER OF ATTORNEY အား နည်းလမ်းတကျ လွှဲအပ်ထားခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်သဇင်မြတ်မြတ်ဝင်း (LL.B, Dip in Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၃) (၈-၂-၂၀၂၂)
အမှတ်(၁)၊ သမာဓိ(၄)လမ်း၊ (ဆ/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း၀၉-၄၂၀၇၆၆၅၈၆

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၂၁ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)တွင်ပါဝင်သော တရားလွှတ်တော်ရှေ့နေ ဦးစည်သူအံ့ဘွယ်၏ အများသိစေရန် ကြော်ငြာတွင် တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၇၂/၉)ဟုခေါ်တွင်သော အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၃/က)၊ မြေကွက်အမှတ်(၃)၊ ဧရိယာ ၀ ဒသမ ၀၇၆ဧကတွင် ဧရိယာ ၀ ဒသမ ၀၇၆ဧကအစား ဧရိယာ ၀ ဒသမ ၇၀၆ဧကဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဝေဇယန္တာ(၁၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆/ရှေ့)၊ မြေကွက်အမှတ်(၉၀၂/က)၊ အလျား ၂၀ပေx အနံပေ ၆၀၊ ဦးမြင့်သန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးသန်းနိုင်စိုး ၅/ဝလန(နိုင်)၁၁၄၈၇၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်သဇင်တင့်နိုင် ၁၂/ရကန(နိုင်)၀၆၇၆၇၂ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဇင်တင့်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြသီတာ | ဒေါ်အေးသန္တာမင်းအောင် |
|---|---|
| LL.B | LL.B,D.B.L |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၄) |
| ဖုန်း-၀၉-၄၂၁၁၄၀၃၂၉ | ဖုန်း-၀၉-၄၂၀၀၇၂၄၉၄ |

ရုံးခန်း-အမှတ်(၁၆)၊ ပထမထပ်၊ (၁၆၄)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးလှရီ(က.စ.လ)(ငြိမ်း)
### အသက်(၈၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ရောထွန်း တိုက်တန်း၊ အဆောင်(၂)၊ အခန်း(၉)၊ ချမ်းမြသာစည်မြို့နယ်နေ (ဦးမောင်တင်-ဒေါ်လုံးတင်)တို့၏သား၊ (ဦးအုန်းသော်-ဒေါ်ကုလားမ)တို့၏သားသမက်၊ ဒေါ်နွဲ့ရီ၊ ဒေါ်ခွေးမ တို့၏ မောင်၊ ဒေါ်စန်းရီ၏ အစ်ကို ၊ဒေါ်ဖွားကြည်(ခ)ဒေါ်ပြေး၏ ချစ်လှစွာသော ခင်ပွန်း၊(ဦးအောင်အောင်)-ဒေါ်စန္ဒာဝင်းတို့၏ ဦးလေး ဦးလှရီ အသက်(၈၂)နှစ် သည် ၂၅-၂-၂၀၂၂ရက် နံနက် ၁နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၉၀၅/ခ နေအိမ်၌ (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ အသင်းချုပ်နာယက ဦးသန်းတင်၏ဇနီး ဒေါ်ခင်ခင်ဦး(ခ)Dolly အသက်(၈၂)နှစ်သည် ၂၆-၂-၂၀၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၄:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**မင်္ဂလာဗျူဟာ အသင်းချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ထွေးထွေးသိန်း
### အသက်(၅၁)နှစ်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ မြို့ဦး(၂)လမ်းနေ ဦးမြင့်သိန်း (ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည် မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏ ချစ်လှစွာသော ဇနီး ဒေါ်ထွေးထွေးသိန်းသည် ၂၈-၂-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းနှင့်မိသားစုများ**
**တည်ဆောက်ရေး(၈)၊ဆည်/ရေဦးစီးဌာန**
**မကွေးမြို့**

---

# သွာနုတ္တရ သမီးဖြစ်ကြောင်း ကြော်ငြာခြင်း

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ နယ်မြေ (၁)၊ တောင်ရိပ်လမ်းသွယ်၊ အိမ်အမှတ် ၁၀၀နေ ဒေါ်တင်တင်မာ(ခ)ကြူကြူသင်း(TGI-070522 )၏ သမီး မလဲ့လဲ့ဝင်း ၁၃/တကန(နိုင်)၃၀၀၂၆၈ သည် မိဘ၏ဆိုဆုံးမစကားများကို နာခံခြင်းမရှိဘဲ မိုက်ရိုင်းစွာ ပြောဆိုခြင်း၊ ရန်ရှာခြင်း၊ မိခင်အပေါ် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ ဆောင်ရွက်ခဲ့သဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်းနှင့် သွာနုတ္တရ သမီးဖြစ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့သည် မိခင်၊ မောင်နှမတို့နှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် မည်သည့် ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၆၀၅၂**
**မ/၂၈၇၊ နယ်မြေ(၁၀)၊ သီတာလမ်း**
**ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၂၆၃၇၈၂၄၅၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် EE/6929, Toyota Probox NCP51 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာထွန်း ၁၀/ဘလန(နိုင်)၀၈၄၈၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1579, SHAOLIN, MINI BUS ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဝင်း ၈/အလန(နိုင်)၁၃၆၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6967, Forland BI 102 6V 3JB 4.E, Light Truck(4X2) L ယာဉ်လက်ဝယ်ရှိသူ D May Myat Soe 12/Ma Ba Na(N) 112583 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/4884, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ MC Easy Microfinance Co,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

---

## ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
# ဦးကြည်သိန်း
### ပုဇွန်တောင်(ခေတ်လိုက်)စက်မှုလက်မှု
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၈)၊ အခန်းအမှတ်(၅၀၁)နေ ဒေါ်ခင်ခင်သက် ၏ခင်ပွန်း၊ (ဦးစိုးသက်နိုင်)၊ ဦးအောင်မျိုးလှိုင်-ဒေါ်လှလှမူ၊ ဦးခင်မောင်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)- ဒေါ်မိုးစန္ဒာသိန်းတို့၏ဖခင်၊ ဒေါ်ချမ်းမြေ့သရဖီလှိုင်(စာရေးဆရာမ မအိုစာ)၊ ဒေါ်ချမ်းအေးသဇင်လှိုင်(အမက-၆၊ ပုဇွန်တောင်)၊ ဦး မင်းသူနိုင်(ကြေးအိုးကြီး Co.,Ltd)၊ ဒေါ်အိမ့်မြတ်မင်းခိုင်(Food Corp & Delous Co.,Ltd)၊ ဦးလွင်ဆုအောင်(Telecom International Myanmar Co.,Ltd)၊ မောင်ဟိဏ်းထက်အောင်(လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘိုး ဦးကြည် သိန်း အသက်(၈၁)နှစ်သည် ၂၈-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၈:၃၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၂ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
# (PI HRANGKAPLIANI )(ခ) ဒေါ်လီယန်နီ
### အသက်(၈၀)နှစ်

[ PU DARLATHANGA–PI DARNGENGI]တို့၏ သမီးငယ်၊ [ PU KAP MA WIA],[ PU KAPTHUAMA],PI KAPNGURI, [ PI KAPHLIRI]တို့၏ ညီမ၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ် (ခ/၁၃၂) နေ [ PU LAL CHUNG NUNGA] ဦးလာထန်မောရ၏ ဇနီး၊ [ REV VANNEIHZUALA ဆရာကံမြင့်–PI LALHUTHANGI] ဒေါ်နွယ်နီဦး၊ [ LALDUH–AWMI) မဝင်းဝင်းမာ]၊ (PU ZOSANGLURA) ဦးမိုးလွင် (ရေယာဉ်အရာရှိ၊ ရေကြောင်း ဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်ဌေးဌေး၊[ (PU ZONUNSANGA) ဦးရီလွင်] တို့၏မိခင်၊ မောင်ပြည့်စုံ၊ (မသိမ့်ဇာခြည်)၊ မောင်ကောင်းထက်ဝင်း၊ (LALAWMPUII) မစန္ဒီမိုးလွင်၊ (LAL THAN ZAMI) မဆုမြတ်မိုးလွင်၊ (NAOMI) မနာအိုးမီးတို့၏ ချစ်လှစွာသော အဘွားဖြစ်သူ (PI HRANGKAPLIANI ) ဒေါ်လီယန်နီသည် ၂၈-၂-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၃-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

(သန်လျင် နေအိမ်မှ ကားများ နံနက် ၁၁နာရီ နှင့် ဗိုလ်တထောင်မြို့နယ် နေအိမ်တို့မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်း(ငြိမ်း)–ဒေါ်မိမိနွယ်၊ သူငယ်ချင်း ဗိုလ်ကြီးမိုးမြင့်(ငြိမ်း)–ဒေါ်သက်ယဉ်မွန်ထွန်းတို့၏ဖခင် ဗိုလ်မှူးသန်းထွန်း(ငြိမ်း) အသက်(၇၅)နှစ်သည် ၂၇-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက်မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ်(၃၈)မှ သူငယ်ချင်း မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးသိန်းစိုးထိုက်
### အငယ်တန်း အင်ဂျင်နီယာ(၂)(စက်မှု)
### အသက်(၃၉)နှစ်

ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ အမှတ်(၃၅)၊ တိုက်(၃၃၀၂)၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်နေ မခင်ရတီထိုက်နှင့် မအိမ့်ချစ်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သီတာဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းစိုးထိုက် သည် ၂၇-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နေပြည်တော်လမ်းဦးစီးဌာန**
**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းမိသားစုများ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၅၂၉၄, Honda Scoopy– 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းနိုင်ဦး ၉/ အမရ(နိုင်)၀၈၅၂၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် TNI/8395, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သန်း ၆/လလန(နိုင်)၀၂၇၃၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့သောင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9677, ThihaTiger (HL–40) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၉/ခမစ(နိုင်)၀၀၄၈၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA–III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၆၈/ဆ)၊ မြေဧရိယာ ၀ဒသမ ၁၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးတင်မောင်ဝင်း ပါ(၃)ဦး ၉/မရတ(နိုင်)၀၁၇၇၈၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၉၀/ခ-၁)၊ မြေဧရိယာ ၀ဒသမ၁၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဆွေဆွေထွန်း ၉/မမန (နိုင်)၀၇၃၂၃၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

---

# ဒေါ်တင်တင်အေး
## အမက-၁၇၊ မရမ်းကုန်း(ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၁)နေ (ဦးစိုးသိန်း(တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဦးမျိုးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာခိုင်ခိုင်ဆု၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး(အမက-၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး- ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)၊ (ဦးညီညီစိုး)(တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းမြင့်၊ ဦးဖုန်းဟေကို(Mando production)- ဒေါ် ပြည့်ပြည့်ပပစိုး(အထက်တန်းရှေ့နေ)တို့၏ မွေးသမိခင်ကြီး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘွားဖြစ်သူ ရဟန်းဒါယိကာမကြီးသည် ၂၈-၂-၂၀၂၂ ရက် နံနက် ၁:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရားဒါယကာကြီး
# ဦးလင်းရဲထွန်း(ခ)သားကြီး
### (အထက-၁၊ ဒဂုံကျောင်းသားဟောင်း)
### (Managing Director RITZ Cyber Intelligence Services Co.,Ltd)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Kantharyar Residence၊ အခန်းအမှတ်(၁၂၀၃)နေ (ဦးသိန်းထွန်း-ဒေါ်သန်းသန်းရီ)တို့၏ သားထွေး၊ ဒေါ်သင်းသင်းမြင့်၊ ဦးမိုက်ကယ်သိန်း-ဒေါ်သင်းသင်းထွန်း၊ (ဦးနေဝင်း)-ဒေါ်မို့မို့ထွန်း၊ ဦးမိုးသွင်ထွန်း၊ Simon Dunn Lwin-ဒေါ်စုစုထွန်း၊ ဦးမြင့်နိုင်-ဒေါ်မေသီသီထွန်းတို့၏မောင်၊ မမို့မို့နေဝင်း၊ ကိုအောင်ပြည့်ဖြိုး၊ မရွှန်းလဲ့ငယ်၊ ကိုထွန်းလင်းအောင်၊ ကိုဟိန်းကိုကို-မခင်မြတ်နိုး၊ ကိုကျော်ဘုန်းပြည့်တို့၏ ဦးလေး ဦးလင်းရဲထွန်း(ခ)သားကြီး(ခ)Chee Buuသည် ၂၈-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေ ဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**RITZ Cyber Intelligence Services Co.,Ltd**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရားဒါယကာကြီး
# ဦးလင်းရဲထွန်း(ခ)သားကြီး
## (Managing Director RITZ Cyber Intelligence Services Co.,Ltd)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Kantharyar Residence၊ အခန်းအမှတ်(၁၂၀၃)နေ (ဦးသိန်းထွန်း-ဒေါ်သန်းသန်းရီ)တို့၏သားထွေး၊ ဦးလင်းရဲထွန်း(ခ)သားကြီးသည် ၂၈-၂-၂၀၂၂ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **RITZ Cyber Intelligence Services Co.,Ltd ဝန်ထမ်းများ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ (၂/တောင်)ရပ်ကွက်၊ သုမနလမ်း၊ မြေကွက်အမှတ်(၁၁၆၁/က)၊ အကျယ်အဝန်း (၃၆ပေ× ၆၀ပေ) ရှိ ဒေါ်ကွေး (GBK- ၀၀၉၀၉၅)နှင့် ဒေါ်သန်းအေး (MVN- ၁၂၁၇၅၃) တို့(၂)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ ဒေါ်သန်းအေး (MVN- ၁၂၁၇၅၃) ပိုင်ဆိုင်ခွင့်ရှိသော ခြေရင်းဘက် (၁၈ပေ× ၆၀ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာအေး (၁၂/တမန (နိုင်) ၀၀၀၂၄၅) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(၂)၊ (၂/တောင်)ရပ်ကွက်၊ သုမနလမ်း၊ မြေကွက်အမှတ်(၁၁၆၁/က)၊ အကျယ်အဝန်း (၃၆ပေ× ၆၀ပေ) ရှိ ဒေါ်ကွေး (GBK- ၀၀၉၀၉၅)နှင့် ဒေါ်သန်းအေး (MVN- ၁၂၁၇၅၃) တို့(၂)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ ဒေါ်ကွေး (GBK- ၀၀၉၀၉၅) ပိုင်ဆိုင်ခွင့်ရှိသော ခေါင်းရင်းဘက် (၁၈ပေ× ၆၀ပေ)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဦးတင်မောင်မြင့် (၁၂/သကတ (နိုင်) ၁၄၆၁၀၃) နှင့် ဒေါ်ကြည်ကြည်သောင်း (၁၂/သကတ (နိုင်) ၀၃၁၇၆၇)တို့ (၂)ဦးထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ကျော်ဌေးလှိုင်(ဘ) ဦးထွန်းမောင်စိန် ၁၁/ပဏတ(နိုင်)၀၇၀၅၆၄ ၏ နိုင်ငံကူးလက်မှတ် ME 037301 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉- ၄၅၆၉၉၉၁၅၅

**အနိစ္စ**

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်း များစွာရှိနေပါတယ်။

❖ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန် ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ် အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

❖ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက် သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီ ထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက် အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီး ပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်)
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်)

၁။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းတာဝန် ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်"** ဟု မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

*ယနေ့ သ တင်း အ ညွှန်း*

**ဖေဖော်ဝါရီ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၉၃ ဦးတွေ့ရှိ**

ပြည်တွင်းသတင်း စာ - ၁၅

**ယင်းမာပင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် သပြေအေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ခိုအောင်းရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၊ လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**

ပြည်တွင်းသတင်း စာ - ၂၄

## ချယ်ဆီးကို အနိုင်ယူပြီး လီဗာပူးအသင်း ကာရာဘောင်ဖလားကို ကိုးကြိမ်မြောက်ဆွတ်ခူး

ကာရာဘောင်ဖလား ဗိုလ်လုပွဲအဖြစ် ချယ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်ကို တနင်္ဂနွေနေ့ညပိုင်းက ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး ကာရာဘောင်ဖလားကို အသင်း

*စာမျက်နှာ ၁၈ ကော်လံ ၃* ◆




ကာရာဘောင်ဖလား ဆွတ်ခူးရယူပြီးနောက် လီဗာပူးအသင်းသားများ အောင်ပွဲခံနေစဉ်။